မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ခရိုင်ချင်းဆက်လမ်း အမှတ် (၃)နှင့် ရတနာသိင်္ဃ်တံတား တည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၂ ရက်တွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ္မကားကျေးရွာအနီးရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ခရိုင်ချင်းဆက်လမ်းအား လမ်းပိုင်းအလိုက် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်ကိုင်း-ရှိမ္မကား လမ်းပိုင်းအခြေအနေနှင့် ရှိမ္မကား-ကျောက်မြောင်း လမ်းပိုင်းအခြေအနေများကိုလည်းကောင်း၊ ရွှေဘိုမြို့နယ် ကျောက်မြောင်း-နွယ်ငြိမ်းကျေးရွာအနီးရှိ *စာမျက်နှာ ၃ ကော်လံ ၁* ❖

တိုင်းရင်းသားညီအစ်ကိုများ ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်နိုင်ရေး တည်ဆောက်ပေးထားသော ပူတာအိုမြို့နယ်ရှိ ကောင်းမှုလုံကြိုးတံတားကို ဖွင့်ပွဲနေ့က တွေ့ရစဉ်။

ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိသော ကချင်ပြည်နယ်မှ ကောင်းမှုလုံကြိုးတံတား

သတင်းမှတ်စု
သန်းသန်းနု
(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများ စုစည်းနေထိုင်ရာ နိုင်ငံဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများ အားလုံးကို မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိရာ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်၍ ယင်းဒေသများ၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် တစ်ခုစီနှင့် ခုတင်(၂၀၀)ဆံ့ ဆေးရုံ တစ်ရုံစီ တည်ဆောက်ပေးခဲ့သည်။

အဓိကကျ

ဒေသဖွံ့ဖြိုးတိုးတက်မှုတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျလျက်ရှိရာ ပူတာအိုမြို့နယ်အပါအဝင် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ကောင်းမှုလုံကြိုးတံတားကြီးကို ၂၈-၁၁-၂၀၁၀ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ ယင်းတံတားသည် ပူတာအို-ထဝါဒမ်း-ကောင်းမှုလုံ-နောင်မွန်လမ်းပေါ်တွင် တည်ရှိပေသည်။

ချစ်ကြည်ရင်းနှီးမှု

ကောင်းမှုလုံကြိုးတံတားကြီးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဒေသဝန်းကျင်ရှိ တိုင်းရင်းသားအားလုံး လွယ်ကူစွာ ကူးသန်းသွားလာခဲ့သဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိခဲ့ပေသည်။ ယင်းတံတားကြီး မတည်ဆောက်မီက ပူတာအိုမှ မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူးတို့သို့ သွားမည်ဆိုလျှင် ပူတာအိုမြို့နယ် ထဝါဒမ်းရွာအနီး မလိခမြစ်ကို ဖြတ်၍ သစ်သားစက်တပ်သမ္ဗန်ဖြင့် သွားခဲ့ရသည်။ ခရီးသည်နှင့် ကုန်စည်များကို တင်ဆောင်ပြီး မလိခမြစ်ကို ဖြတ်ကူးရသဖြင့် မကြာခဏ အသက်အန္တရာယ်များဆုံးရှုံးမှုများနှင့် ကြုံခဲ့ရသည်။ မိုးတွင်းကာလ *စာမျက်နှာ ၅ ကော်လံ ၁* ❍

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ပုံမှန်လမ်းလျှောက်သည်ထက် ပို၍လျှောက်ပါ သွေးတိုးနှင့် ဆီးချိုဖြစ်ပွားမှု လျော့ကျလာမည်

ကိုသစ္စာ - ရေးသားသည်

နေ့စဉ်ပုံမှန်လမ်းလျှောက်သည့်နှုန်းထက် ခြေလှမ်းအရေအတွက် ပိုမိုတိုးပြီးလျှောက်ပါက သွေးတိုးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားနိုင်မှုကို လျော့ကျစေနိုင်ကြောင်း ဩစတြေးလျ ကျန်းမာရေးသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ရှိ ကျန်းမာရေးဆိုင်ရာ သုတေသနအဖွဲ့မှ လေ့လာသုတေသနပြုချက်အရ နေ့စဉ် လမ်းလျှောက်ခြင်းဖြင့် နှစ်ကာလ အချိန်ကြာမြင့်လာလျှင်ကျန်းမာရေးအတွက် အဖိုးတန်သော ရလဒ်ကောင်းများ ဖြစ်ထွန်းစေသည်ဆိုသည့်အချက်ကို ပိုမိုခိုင်မာစေခဲ့သည်။

လျော့ကျ

သုတေသနပြုချက်အရ နေ့စဉ် ခြေလှမ်းအရေအတွက် တစ်ထောင်မှ တစ်သောင်းအထိ တိုးမြှင့်လမ်းလျှောက်သူများကို ငါးနှစ်ကာလအတွင်း လေ့လာဆန်းစစ်ခဲ့ရာ သွေးထဲတွင် အင်ဆူလင်ဟော်မုန်း၏ တုံ့ပြန်နိုင်စွမ်းသည် ၁၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရှိခဲ့ရသည်ဟု သိရှိရသည်။ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်မှုစွမ်းအား မြင့်မားခြင်းသည် ဆီးချိုရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၂ ◆

တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၁ ရက်)

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေး ကြိုးပမ်းစွမ်းဆောင်

ရုပ်ရှင်အနုပညာသည် ဖျော်ဖြေရေးအတွက်သာမက ပြည်သူများကို အသိပညာပေးရေး၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးရေးနှင့် စိတ်ဓာတ်ခွန်အားဖြည့်စွက်ရေးအတွက်ပါ ပေးစွမ်းနိုင်သည်။ အထူးသဖြင့် လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲနိုင်စွမ်းသော စွမ်းအားနှင့်ပြည့်လျှမ်းနေသည့် အနုပညာရပ်ဖြစ်သည်။

ယနေ့အချိန်တွင် ခေတ်မီနည်းပညာများတိုးတက်လာသည့်အလျောက် စက်ပစ္စည်းကိရိယာ အသစ်အဆန်းများဖြင့် အသုံးပြုရိုက်ကူးထုတ်လုပ်မှုများကို ပြုလုပ်လာခဲ့ကြသည်။ သို့ဖြစ်၍ မြန်မာ့ရုပ်ရှင်အဆင့်အတန်းသည် စက်မှုပိုင်းဆိုင်ရာ တိုးတက်မြင့်မားလာခဲ့သည်။

မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်ကြည့်လျှင် ရုပ်ရှင်လောကသားများသည် စစ်ကြိုခေတ်ကာလအတွင်း နည်းပညာအခက်အခဲ၊ ပစ္စည်းပစ္စယအခက်အခဲများကြားမှ ရုပ်ရှင်လုပ်ငန်းကိုစတင်ခဲ့ကြပြီး ခေတ်အဆက်ဆက်ရုန်းကန်တည်ဆောက်ခဲ့သည်။ အသံတိတ်ခေတ်မှ ယနေ့ခေတ်ရုပ်ရှင်အဆင့်အတန်းအခြေအနေအထိ မြင့်မားလာအောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။

လွတ်လပ်ရေးကြိုးပမ်းမှုအကြိုကာလတစ်လျှောက်လုံးတွင် နယ်ချဲ့နှင့်ဖက်ဆစ်တို့၏ အမျိုးမျိုးသောဖိနှိပ်မှုများကြားမှ မြန်မာပြည်သူများ၏ အမျိုးသားရေးစိတ်ဓာတ်နိုးကြားတက်ကြွလာရန်၊ မျိုးချစ်စိတ်ဓာတ်ပေါက်ဖွားရှင်သန်လာရန် ရုပ်ရှင်အနုပညာစွမ်းအားဖြင့် စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းခဲ့ရသည့်ကာလများနှင့် ယနေ့နိုင်ငံတော်သစ်တည်ဆောက်ရေးကာလများတွင်လည်း ရုပ်ရှင်လောကသားများသည် ကျရာအခန်းကဏ္ဍမှ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရေးတာဝန်နှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတာဝန်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့ရုပ်ရှင်သမိုင်းသည် အစဉ်အဆက် ဂုဏ်ရောင်ထွန်းပြောင်ခဲ့သည်။ မြန်မာ့ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်သာမက နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကိုပါ ခေတ်အဆက်ဆက် ဦးထိပ်ပန်ဆင်ထမ်းဆောင်ခဲ့ကြသည်။

သို့ဖြစ်ပေရာ ယနေ့မျိုးဆက်သစ်ရုပ်ရှင်လောကသားများသည် ခေတ်အဆက်ဆက်က ရုပ်ရှင်အနုပညာရှင်ကြီးများ၊ ရုပ်ရှင်လောကသားများ၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ရုပ်ရှင်အနုပညာအဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုင်းတုံနှင့်မိုင်းဆတ် နယ်မြေခံတပ်ရင်းများအား

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက မုံးထော်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းများ၊ ရာသီသီးနှံမျိုးစေ့များနှင့် ဆေးဝါးပစ္စည်းများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မိုင်းတုံတပ်နယ် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ မိုင်းတုံ-တာဆန်းကားလမ်းအခြေအနေများနှင့် သံလွင်တံတား(တာဆန်း) တံတားကြဲ့ခိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၁၄ ရက်တွင် မိုင်းဆတ်တပ်နယ် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် အဆောက်အအုံအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းဆတ်-တာချီလိတ်-ဘူရိုး-မိုင်းဖြတ်ကားလမ်း၊ တံတားကြံ့ခိုင်မှုအခြေအနေများနှင့် မိုင်းဖြတ်မြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဘားအံမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ရန်ကုန် ဇန်နဝါရီ ၂၀

မိုးစပါးအထွက်နှုန်း မှန်ကန်ရေး စံကွက်ရိတ်သိမ်းပွဲကို ဇန်နဝါရီ ၁၃ ရက်က ဘားအံမြို့နယ် ရွှေတောကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၃၆)၊ ဦးပိုင်အမှတ်(၈၆) တောင်သူ ဦးကျော်ဆွေ၏ လယ်မြေ ၄ ဒသမ ၄၂ဧကရှိ မနော်ထွန်း စပါးခင်း၌ ကျင်းပရာ အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ကရင်ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးတင်အောင်၊ ဘားအံမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးသက်တင်နှင့် မြေစာရင်းဝန်ထမ်းများ၊ ရွှေတောကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်အေးနှင့် တောင်သူများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။ (အပေါ်ဝဲပုံ)

အဆိုပါစံကွက်မှ စပါးတစ်ဧကအခြောက်အထွက်နှုန်း ၇၀ ဒသမ ၄၃ တင်းထွက်ရှိခဲ့ကြောင်း သိရှိရသည်။ (ခရိုင် ပြန်/ဆက်)

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ညောင်ဦး၌ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၀

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ လိုက်နာသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးခင်ဌေး၊ အဖွဲ့ဝင် ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးမိုးကျော်ထွန်း၊ အတွင်းရေးမှူး ဦးရဲမင်းထွန်း၊ အဖွဲ့ဝင် ဦးသောင်းတင်၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းလွင်၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဇော်၊ အမှုဆောင်များနှင့် ဗီဒီယိုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဌေးက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ ဆင်ဆာမူရင်းခွဲလက်မှတ်အသေးကပ်ထားသော ဗွီစီဒီ၊ ဒီဗွီဒီအချပ်များ သုံးစွဲရာတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (ဗဟို)က ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို ဗီဒီယိုလုပ်ငန်းရှင်များ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ (၁၁၃)

ဒီမော့ဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၀ ရက်က ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မိုးကောင်းမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မိုးကောင်း ဇန်နဝါရီ ၂၀

မိုးကောင်းမြို့နယ် သိုက်ဝါးကုန်းကျေးရွာ ဘဝရှေ့ဆောင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ စာကြည့်တိုက်အလှူရှင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်(ငြိမ်း)၊ မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းလတ်၊ သိုက်ဝါးကုန်းကျေးရွာဥက္ကဋ္ဌ ဦးစင်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အပေါ်ပုံ)

ရှင်းလင်းပြောကြား

ထို့နောက် အလှူရှင်က စာကြည့်တိုက်အဆောက်အအုံ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသိန်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးစင်းကျော်က ဘဝရှေ့ဆောင် စာကြည့်တိုက် အဆောက်အအုံနှင့်ပတ်သက်သည့် အချက်အလက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလင်းက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ငွေကျပ်တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ သုတ၊ ရသစာအုပ် ၃၄၄ အုပ်၊ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က ငွေကျပ်တစ်သိန်းလေးသောင်းတန်ဖိုးရှိ သုတ၊ ရသစာအုပ် ၃၇၀၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းက ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ပင်းဘောကျေးရွာအုပ်စုစစ်မှုထမ်းဟောင်းအဖွဲ့က ဒီဗွီဒီပြစက်တစ်လုံးအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၁၅၂၈၅၀၀ နှင့် စာအုပ်စာစောင်စုစုပေါင်း ၁၄၈၅ အုပ်တို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစင်းကျော်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ (မြို့နယ် ပြန်/ဆက်)

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ရွှေဘိုမြို့နယ် ကျောက်မြောင်း - နွယ်ငြိမ်းကျေးရွာအနီးရှိ ရတနာသိဿတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ ရှေ့ဖုံးမှ

ရတနာသိဿတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ ရွှေဘိုဘက်ကမ်း တံတားချဉ်းကပ်လမ်းဖောက်လုပ်နေမှုနှင့် ရေလယ်တိုင်များ သံကူကွန်ကရစ် သွန်းလောင်းပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၃ ရက်တွင် ရွှေဘိုမြို့၌ မြို့တွင်းလမ်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မဟာနန္ဒာကန်ကို ရှင်းလင်းခြင်း၊ ကန်ပေါင်အသစ်ဖို့ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စည်သာကျေးရွာအုပ်စုအနီး၌ ကင်းတပ်ရေလွှဲတမံ အလောင်းဘုရား တူးမြောင်း (လက်ဝဲတူးမြောင်း)အတွင်း သဲနုန်းတူးခြင်းနှင့် ပေါင်ဆင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ခင်ဦးမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေဦး-ခင်ဦးလမ်းပိုင်း အခြေအနေများကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ် ရွာမရွာအနီး သိန်ရင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်၌ တမံမြေဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၀

မိတ္ထီလာမြို့ အထက(၂)ကျောင်း၌ အမျိုးသားကျောင်းမှ ယနေ့အထိ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော အသက် (၆၀)ကျော် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်း တပည့်အပေါင်းတို့က သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မိတ္ထီလာမြို့ အထက(၂) ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ လာရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးကျော်ဝ အထက(၂) မိတ္ထီလာ (ကျောင်းအုပ်ကြီး) ဖုန်း-၀၆၄-၂၃၄၁၄၊ ဒုတိယဗိုလ်မှူးကြီး အောင်မြတ်(ငြိမ်း) ဖုန်း- ၀၉-၂၂၀၁၀၇၅၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ဦးသိန်းထွန်း ဖုန်း-၀၆၄-၂၄၂၄၁၊ ၀၉-၂၂၀၀၈၆၁၊ ဦးလင်းကျော်စွာ (ရွှေကျားမင်းကဖီး) ဖုန်း-၀၁-၂၂၁၀၈၅၊ ၀၉-၅၁၀၈၅၀၉၊ ဦးသီလဝေလု (တံခွန် VCD & Game) ဖုန်း-၀၆၄-၂၅၂၇၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

◆ ရှေ့ဖုံးမှ

နေ့စဉ်ပုံမှန် လမ်းလျှောက်ရာတွင် ခြေလှမ်းအရေအတွက် ပိုမိုလျှောက်လှမ်းခြင်းသည် အရွယ်ရောက်သူများ၌ ရုပ်ပိုင်းဆိုင်ရာကြံ့ခိုင် ဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုပြီး သွေးလည်ပတ်မှု ပုံမှန်ဖြစ်စေကာ သွေးတိုး ရောဂါ ဖြစ်ပွားနိုင်မှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ဩစတြေးလျ သုတေသနပညာရှင် ပါမောက္ခတီရာဒွေယာက ပြောကြားသည်။

ထွက်ပေါ်လာ

နေ့စဉ်ပုံမှန် ခြေလှမ်းများထက် ခြေတစ်လှမ်း တိုးမြှင့်လျှောက်လှမ်းခြင်းသည် ဆေးတစ်ကြိမ်သောက်ခြင်းထက် ပိုမို ထိရောက်မှုရှိကြောင်း လူလတ်ပိုင်းအရွယ်ရှိ ၅၉၂ ဦးအား ငါးနှစ်တာ သုတေသနပြုမှုမှ ထွက်ပေါ်လာသည့် ရလဒ်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိရောက်စွာ

နေ့စဉ် ခြေလှမ်းအရေအတွက် တိုးမြှင့် လျှောက်လှမ်းခြင်းသည် ခန္ဓာကိုယ် အလေးချိန်ကျဆင်းခြင်းကို ထိရောက်စွာအကျိုးပြုစေနိုင်သည့်အပြင် ဆီးချိုနှင့် သွေးတိုးကဲ့သို့သော ရောဂါဆိုးများ မဖြစ်ပွားအောင် ကာကွယ်နေခြင်းတစ်ရပ်ဖြစ်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

လျော့ကျစေ

နိုင်ငံတကာမှ ကျန်းမာရေး သုတေသနပြုချက်များတွင် နေ့စဉ် လမ်းလျှောက်မှု အနေအထားသတ်မှတ်ရာတွင် သီတင်းတစ်ပတ်လျှင် ငါးရက်အတွင်း ခြေလှမ်းအရေအတွက် ၃၀၀၀ လှမ်းရမည်ဟု ဆိုထားသည်။ သို့သော် ကျန်းမာရေးအတွက် အမှန်တကယ် အကျိုးပြုစေသည့် ခြေလှမ်းအရေအတွက်မှာ တစ်နေ့လျှင် ခြေလှမ်းအရေအတွက် ၁၀၀၀၀ ဖြစ်ပြီး ယင်းအတိုင်း ခြေလှမ်းများ လျှောက်လှမ်းပါက ဆီးချိုနှင့် သွေးတိုးရောဂါ ဖြစ်ပွားမှုကို လျော့ကျစေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ***(အင်တာနက်)***

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အား ယင်းဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန
(က) ဦးစိုးကိုကို	ညွှန်ကြားရေးမှူးချုပ် စည်ပင်သာယာရေးဦးစီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
(ခ) ဦးမျိုးသက်ရွှေ	ဦးဆောင်ညွှန်ကြားရေးမှူး မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအောင်မင်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြောက်ပိုင်းစွန်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၁ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မီးကြွင်းမီးကျန် မထားရန် ကျင့်ကြံသတိအမြဲရှိ

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီ ၂၁ ရက်၊ သောကြာနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၁၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ခရိုင်ချင်းဆက်လမ်း အမှတ် (၃)နှင့် ရတနာသိင်္ဃတံတား တည်ဆောက်ရေးစီမံကိန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၂ ရက်တွင် ရွှေဘိုခရိုင် ဝက်လက်မြို့နယ် ရှိမ္မကားကျေးရွာအနီးရှိ ခရိုင်ချင်းဆက်လမ်း အမှတ်(၃) ဖောက်လုပ်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ရှိသူများက ခရိုင်ချင်းဆက်လမ်းအား လမ်းပိုင်းအလိုက် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်မြင့်စိုးက လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် စစ်ကိုင်း-ရှိမ္မကား လမ်းပိုင်းအခြေအနေနှင့် ရှိမ္မကား-ကျောက်မြောင်း လမ်းပိုင်းအခြေအနေများကိုလည်းကောင်း၊ ရွှေဘိုမြို့နယ် ကျောက်မြောင်း-နွယ်ငြိမ်းကျေးရွာအနီးရှိ *စာမျက်နှာ ၃ ကော်လံ ၁* ❖

တိုင်းရင်းသားညီအစ်ကိုများ ကူးလူးယှက်နွယ် ချစ်ကြိုးသွယ်နိုင်ရေး တည်ဆောက်ပေးထားသော ပူတာအိုမြို့နယ်ရှိ ကောင်းမှုလုံကြိုးတံတားကို ဖွင့်ပွဲနေ့က တွေ့ရစဉ်။

ဒေသဖွံ့ဖြိုးမှုကို အထောက်အကူပြုလျက်ရှိသော ကချင်ပြည်နယ်မှ ကောင်းမှုလုံကြိုးတံတား

သတင်းမှတ်စု သန်းသန်းနု (မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၂၀

မြန်မာနိုင်ငံသည် ပြည်ထောင်စုတိုင်းရင်းသားများ စုစည်းနေထိုင်ရာ နိုင်ငံဖြစ်သည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးများအားလုံးကို မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရန် နိုင်ငံတော်အစိုးရက စီမံဆောင်ရွက်ပေးလျက်ရှိရာ အထူးဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်၍ ယင်းဒေသများ၌ ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ် တစ်ခုစီနှင့် ခုတင်(၂၀၀)ဆံ့ဆေးရုံ တစ်ရုံစီ တည်ဆောက်ပေးခဲ့သည်။

အဓိကကျ

ဒေသဖွံ့ဖြိုးတိုးတက်မှုတွင် လမ်းပန်းဆက်သွယ်ရေးသည် အဓိကကျလျက်ရှိရာ ပူတာအိုမြို့နယ်အပါအဝင် ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် ကောင်းမှုလုံကြိုးတံတားကြီးကို ၂၈-၁၁-၂၀၁၀ ရက်နေ့က ဖွင့်လှစ်ပေးခဲ့သည်။ ယင်းတံတားသည် ပူတာအို-ထဝါဒမ်း-ကောင်းမှုလုံ-နောင်မွန်လမ်းပေါ်တွင် တည်ရှိပေသည်။

ချစ်ကြည်ရင်းနှီးမှု

ကောင်းမှုလုံကြိုးတံတားကြီးကို ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ဒေသဝန်းကျင်ရှိ တိုင်းရင်းသားအားလုံး လွယ်ကူစွာ ကူးသန်းသွားလာခဲ့သဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်ရင်းနှီးမှု ပိုမိုရရှိခဲ့ပေသည်။ ယင်းတံတားကြီး မတည်ဆောက်မီက ပူတာအိုမှ မချမ်းဘော၊ နောင်မွန်၊ ပန်နန်းဒင်၊ ခေါင်လန်ဖူးတို့သို့ သွားမည်ဆိုလျှင် ပူတာအိုမြို့နယ် ထဝါဒမ်းရွာအနီး မလိခမြစ်ကို ဖြတ်၍ သစ်သားစက်တပ်သမ္ဗန်ဖြင့် သွားခဲ့ရသည်။ ခရီးသည်နှင့် ကုန်စည်များကို တင်ဆောင်ပြီး မလိခမြစ်ကို ဖြတ်ကူးရသဖြင့် မကြာခဏ အသက်အန္တရာယ်များဆုံးရှုံးမှုများနှင့် ကြုံခဲ့ရသည်။ မိုးတွင်းကာလ *စာမျက်နှာ ၅ ကော်လံ ၁* ❍

မြန်မာ့အလင်း အင်တာနက် ကျန်းမာရေး

ပုံမှန်လမ်းလျှောက်သည်ထက် ပို၍လျှောက်ပါ သွေးတိုးနှင့် ဆီးချိုဖြစ်ပွားမှု လျော့ကျလာမည်

ကိုသစ္စာ - ရေးသားသည်

နေ့စဉ်ပုံမှန်လမ်းလျှောက်သည့်နှုန်းထက် ခြေလှမ်းအရေအတွက် ပိုမိုတိုးပြီးလျှောက်ပါက သွေးတိုးရောဂါနှင့် ဆီးချိုရောဂါဖြစ်ပွားနိုင်မှုကို လျော့ကျစေနိုင်ကြောင်း ဩစတြေးလျ ကျန်းမာရေးသုတေသနပညာရှင်များက ထုတ်ဖော်ပြောကြားလိုက်သည်။

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့ရှိ ကျန်းမာရေးဆိုင်ရာ သုတေသနအဖွဲ့မှ လေ့လာသုတေသနပြုချက်အရ နေ့စဉ် လမ်းလျှောက်ခြင်းဖြင့် နှစ်ကာလ အချိန်ကြာမြင့်လာလျှင်ကျန်းမာရေးအတွက် အဖိုးတန်သော ရလဒ်ကောင်းများ ဖြစ်ထွန်းစေသည်ဆိုသည့်အချက်ကို ပိုမိုခိုင်မာစေခဲ့သည်။

လျော့ကျ

သုတေသနပြုချက်အရ နေ့စဉ် ခြေလှမ်းအရေအတွက် တစ်ထောင်မှ တစ်သောင်းအထိ တိုးမြှင့်လမ်းလျှောက်သူများကို ငါးနှစ်ကာလအတွင်း လေ့လာဆန်းစစ်ခဲ့ရာ သွေးထဲတွင် အင်ဆူလင်ဟော်မုန်း၏ တုံ့ပြန်နိုင်စွမ်းသည် ၁၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း တွေ့ရှိခဲ့ရသည်ဟု သိရှိရသည်။ အင်ဆူလင်ဟော်မုန်း တုံ့ပြန်နိုင်မှုစွမ်းအား မြင့်မားခြင်းသည် ဆီးချိုရောဂါဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။

စာမျက်နှာ ၃ ကော်လံ ၂ ◆



တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ နှင့် ၁၆ တွင် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ သင်ခန်းစာကို ဖော်ပြထားပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် ဇန်နဝါရီ ၂၁ ရက်)

မြန်မာ့ရုပ်ရှင်အဆင့်အတန်းမြင့်မားရေး ကြိုးပမ်းစွမ်းဆောင်

ရုပ်ရှင်အနုပညာသည် ဖျော်ဖြေရေးအတွက်သာမက ပြည်သူများကို အသိပညာပေးရေး၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ပေးရေးနှင့် စိတ်ဓာတ်ခွန်အားဖြည့်စွက်ရေးအတွက်ပါ ပေးစွမ်းနိုင်သည်။ အထူးသဖြင့် လူငယ်များ၏ စိတ်ပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲနိုင်စွမ်းသော စွမ်းအားနှင့်ပြည့်လျှမ်းနေသည့် အနုပညာရပ်ဖြစ်သည်။

ယနေ့အချိန်တွင် ခေတ်မီနည်းပညာများတိုးတက်လာသည့်အလျောက် စက်ပစ္စည်းကိရိယာ အသစ်အဆန်းများဖြင့် အသုံးပြုရိုက်ကူးထုတ်လုပ်မှုများကို ပြုလုပ်လာခဲ့ကြသည်။ သို့ဖြစ်၍ မြန်မာ့ရုပ်ရှင်အဆင့်အတန်းသည် စက်မှုပိုင်းဆိုင်ရာ တိုးတက်မြင့်မားလာခဲ့သည်။

မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်ကြည့်လျှင် ရုပ်ရှင်လောကသားများသည် စစ်ကြိုခေတ်ကာလအတွင်း နည်းပညာအခက်အခဲ၊ ပစ္စည်းပစ္စယအခက်အခဲများကြားမှ ရုပ်ရှင်လုပ်ငန်းကိုစတင်ခဲ့ကြပြီး ခေတ်အဆက်ဆက် ရှန်းကန်တည်ဆောက်ခဲ့သည်။ အသံတိတ်ခေတ်မှ ယနေ့ခေတ်ရုပ်ရှင်အဆင့်အတန်းအခြေအနေအထိ မြင့်မားလာအောင် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ကြသည်။

လွတ်လပ်ရေးကြိုးပမ်းမှုအကြိုကာလတစ်လျှောက်လုံးတွင် နယ်ချဲ့နှင့်ဖက်ဆစ်တို့၏ အမျိုးမျိုးသော ဖိနှိပ်မှုများကြားမှ မြန်မာပြည်သူများ၏ အမျိုးသားရေးစိတ်ဓာတ်နိုးကြားတက်ကြွလာရန်၊ မျိုးချစ်စိတ်ဓာတ် ပေါက်ဖွားရှင်သန်လာရန် ရုပ်ရှင်အနုပညာစွမ်းအားဖြင့် စွမ်းစွမ်းတမံဆောင်ရွက်ပေးနိုင်ခဲ့သည်။

လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းခဲ့ရသည့်ကာလများနှင့် ယနေ့နိုင်ငံတော်သစ်တည်ဆောက်ရေး ကာလများတွင်လည်း ရုပ်ရှင်လောကသားများသည် ကျရာအခန်းကဏ္ဍမှ လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းရေးတာဝန်နှင့် နိုင်ငံတော်သစ်တည်ဆောက်ရေးတာဝန်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြသည်။

မြန်မာ့ရုပ်ရှင်သမိုင်းသည် အစဉ်အဆက် ဂုဏ်ရောင်ထွန်းပြောင်ခဲ့သည်။ မြန်မာ့ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်ရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်သာမက နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကိုပါ ခေတ်အဆက်ဆက် ဦးထိပ်ပန်ဆင်ထမ်းဆောင်ခဲ့ကြသည်။

သို့ဖြစ်ပေရာ ယနေ့မျိုးဆက်သစ်ရုပ်ရှင်လောကသားများသည် ခေတ်အဆက်ဆက်က ရုပ်ရှင်အနုပညာရှင်ကြီးများ၊ ရုပ်ရှင်လောကသားများ၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး ရုပ်ရှင်အနုပညာအဆင့်အတန်း နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရေးအတွက် ကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မိုင်းတုံနှင့်မိုင်းဆတ် နယ်မြေခံတပ်ရင်းများအား

တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၂၀

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သန်းထွန်းဦးသည် ဇန်နဝါရီ ၁၃ ရက် နံနက်ပိုင်းက မုံးထော်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ စားသောက်ကုန်ပစ္စည်းများ၊ ရာသီသီးနှံမျိုးစေ့များနှင့် ဆေးဝါးပစ္စည်းများပေးအပ်သည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် မိုင်းတုံတပ်နယ် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ မိုင်းတုံ-တာဆန်းကားလမ်းအခြေအနေများနှင့် သံလွင်တံတား(တာဆန်း) တံတားကြံ့ခိုင်မှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

တိုင်းမှူးသည် ဇန်နဝါရီ ၁၄ ရက်တွင် မိုင်းဆတ်တပ်နယ် နယ်မြေခံတပ်ရင်းအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် အဆောက်အအုံအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုင်းဆတ်-တာချီလိတ်-ဘူရှီး-မိုင်းဖြတ်ကားလမ်း၊ တံတားကြံ့ခိုင်မှုအခြေအနေများနှင့် မိုင်းဖြတ်မြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှုတို့ကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဘားအံမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း

ရန်ကုန် ဇန်နဝါရီ ၂၀

မိုးစပါးအထွက်နှုန်း မှန်ကန်ရေး စံကွက်ရိတ်သိမ်းပွဲကို ဇန်နဝါရီ ၁၃ ရက်က ဘားအံမြို့နယ် ရွှေတောကျေးရွာအုပ်စု ကွင်းအမှတ်(၁၂၃၆)၊ ဦးပိုင်အမှတ်(၈၆) တောင်သူ ဦးကျော်ဆွေ၏ လယ်မြေ ၄ ဒသမ ၄၂၈ဧကရှိ မနော်ထွန်း စပါးခင်း၌ ကျင်းပရာ အဆိုပါစံကွက်ရိတ်သိမ်းပွဲသို့ ကရင်ပြည်နယ် မြေစာရင်းဦးစီးဌာနမှူး ဦးတင်အောင်၊ ဘားအံမြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးသက်တင်နှင့် မြေစာရင်းဝန်ထမ်းများ၊ ရွှေတောကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်အေးနှင့် တောင်သူများ တက်ရောက်ကြည့်ရှုခဲ့ကြသည်။ **(အပေါ်ဝဲပုံ)**

အဆိုပါစံကွက်မှ စပါးတစ်ဧက အခြောက်အထွက်နှုန်း ၇၀ ဒသမ ၄၃ တင်းထွက်ရှိခဲ့ကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

မိုးကောင်းမြို့နယ်၌ စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်

မိုးကောင်း ဇန်နဝါရီ ၂၀

မိုးကောင်းမြို့နယ် သိုက်ဝါးကုန်းကျေးရွာ ဘဝရှေ့ဆောင် စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ စာကြည့်တိုက်အလှူရှင် နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်(ငြိမ်း)၊ မိုးကောင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးလင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးမင်းမင်းလတ်၊ သိုက်ဝါးကုန်းကျေးရွာဥက္ကဋ္ဌ ဦးစင်းကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက် အလှူရှင်က စာကြည့်တိုက်အဆောက်အအုံ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး စာကြည့်တိုက် ရေရှည်ရှင်သန်ဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသိန်းက ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျေးရွာဥက္ကဋ္ဌ ဦးစင်းကျော်က ဘဝရှေ့ဆောင် စာကြည့်တိုက် အဆောက်အအုံနှင့်ပတ်သက်သည့် အချက်အလက်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးလင်းက လက်ခံယူသည်။

ပေးအပ်လှူဒါန်း

ထို့နောက် အလှူငွေများပေးအပ်လှူဒါန်းရာ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက ငွေကျပ်တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ သုတ၊ ရသစာအုပ် ၃၄၄ အုပ်၊ ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်က ငွေကျပ်တစ်သိန်းလေးသောင်းတန်ဖိုးရှိ သုတ၊ ရသစာအုပ် ၃၇၀၊မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်းက ရုပ်မြင်သံကြားပြစက်တစ်လုံး၊ ပင်းဘောကျေးရွာအုပ်စု စစ်မှုထမ်းဟောင်းအဖွဲ့က ဒီဗွီဒီပြစက်တစ်လုံးအပါအဝင် စုစုပေါင်း အလှူငွေကျပ် ၁၅၂၈၅၀၀ နှင့် စာအုပ်စာစောင်စုစုပေါင်း ၁၄၈၅ အုပ်တို့ကို အလှူရှင်များက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးစင်းကျော်က လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေ ညောင်ဦး၌ ရှင်းလင်း

ရန်ကုန် ဇန်နဝါရီ ၂၀

ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနော်ရထာခန်းမ၌ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေများနှင့်အညီ လိုက်နာသုံးစွဲရေး ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၁ ရက်က ကျင်းပရာ မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံး ဗီဒီယိုအခြေခံအဖွဲ့(ဗဟို)ဥက္ကဋ္ဌ ဦးခင်ဌေး၊ အဖွဲ့ဝင် ဦးကျော်မြင့်၊ မန္တလေးတိုင်းဒေသကြီး ဗီဒီယိုအခြေခံအဖွဲ့ဥက္ကဋ္ဌ ဦးမိုးကျော်ထွန်း၊ အတွင်းရေးမှူး ဦးရဲမင်းထွန်း၊ အဖွဲ့ဝင် ဦးသောင်းတင်၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးသန်းလွင်၊ စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲမင်းဇော်၊ အမှုဆောင်များနှင့် ဗီဒီယိုလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

အစည်းအဝေးတွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌ ဦးခင်ဌေးက ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေနှင့်အညီ ဆင်ဆာမှုရင်းခွဲလက်မှတ်အသေးကပ်ထားသော ဗွီစီဒီ၊ ဒီဗွီဒီအချပ်များ သုံးစွဲရာတွင် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး (ဗဟို)က ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းများကို ဗီဒီယိုလုပ်ငန်းရှင်များ တိကျစွာ လိုက်နာဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(၁၁၃)**

ဒီမော့ဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဇန်နဝါရီ ၁၀ ရက်က ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဝင်းမောင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

၂၀၁၁ခုနှစ်၊ (၆၄)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊

(၂) တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊

(၃) နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုဖြင့် ပူးပေါင်းကာကွယ်တားဆီးရေး၊

(၄) တိုင်းရင်းသားပြည်သူများ၏ တစ်ခဲနက်ထောက်ခံမှုဖြင့် အတည်ပြုခဲ့သော နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး၊

(၅) နှစ်ပေါင်းထောင်ချီ၍ ဥမကွဲသိုက်မပျက် ဖြစ်ထွန်းလျက်ရှိသည့် နိုင်ငံတော်ကြီးကို ပြည်ထောင်စုကြီးအဖြစ် အရှည်တည်တံ့ခိုင်မြဲစေရန် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းပကားဖြင့် ပူးပေါင်းဆောင်ရွက်ရေး။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်စိုး ရွှေဘိုမြို့နယ် ကျောက်မြောင်း - နွယ်ငြိမ်း ကျေးရွာအနီးရှိ ရတနာသိဃ်ံတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

❖ *ရှေ့ဖုံးမှ*

ရတနာသိဃ်ံတံတား တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်၌ ရွှေဘိုဘက်ကမ်း တံတားချဉ်းကပ်လမ်းဖောက်လုပ်နေမှုနှင့် ရေလယ်တိုင်များ သံကူကွန်ကရစ် သွန်းလောင်းပြီးစီးမှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဗိုလ်ချုပ်မြင့်စိုးသည် ဇန်နဝါရီ ၁၃ ရက်တွင် ရွှေဘိုမြို့၌ မြို့တွင်းလမ်းများ သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှုနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ မဟာနန္ဒာကန်ကို ရှင်းလင်းခြင်း၊ ကန်ပေါင်အသစ်ဖို့ခြင်း လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုနှင့် ကန်ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ စည်သာကျေးရွာအုပ်စုအနီး၌ ကင်းတပ်ရေလွှဲတမံ အလောင်းဘုရား တူးမြောင်း (လက်ဝဲတူးမြောင်း)အတွင်း သဲနုန်းတူးခြင်းနှင့် ပေါင်ဆင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို လည်းကောင်း၊ ခင်ဦးမြို့ ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေဦး-ခင်ဦးလမ်းပိုင်း အခြေအနေများကိုလည်းကောင်း၊ ကန့်ဘလူမြို့နယ် ရွာမရွာအနီး သိန်ရင်ရေလှောင်တမံ စီမံကိန်းလုပ်ငန်းခွင်၌ တမံမြေဖို့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိတ္ထီလာမြို့ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဇန်နဝါရီ ၂၀

မိတ္ထီလာမြို့ အထက(၂)ကျောင်း၌ အမျိုးသားကျောင်းမှ ယနေ့အထိ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူသွားကြသော အသက် (၆၀)ကျော် ဆရာ ဆရာမကြီးများအား ကျောင်းသား ကျောင်းသူဟောင်း တပည့်အပေါင်းတို့က သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် (စနေနေ့) နံနက် ၉ နာရီတွင် မိတ္ထီလာမြို့ အထက(၂) ရတနာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ရပ်ဝေးရပ်နီးမှ ကျောင်းသား ကျောင်းသူဟောင်းများ လာရောက်ပူဇော်ကန်တော့ကြရန်နှင့် အလှူငွေများ လှူဒါန်းလိုပါက ဦးကျော်ဝ အထက(၂) မိတ္ထီလာ (ကျောင်းအုပ်ကြီး) ဖုန်း-၀၆၄-၂၃၄၁၄၊ ဒုတိယဗိုလ်မှူးကြီး အောင်မြတ်(ငြိမ်း) ဖုန်း- ၀၉-၂၂၀၁၀၇၅၊ ဦးခင်ထွန်း ဖုန်း-၀၆၄-၂၄၅၉၁၊ ဦးသိန်းထွန်း ဖုန်း-၀၆၄-၂၄၂၄၁၊ ၀၉-၂၂၀၀၈၆၁၊ ဦးလင်းကျော်စွာ (ရွှေကျားမင်းကဖီး) ဖုန်း-၀၁-၂၂၁၀၈၅၊ ၀၉-၅၁၀၈၅၀၉၊ ဦးသီလဝေလု (တံခွန် VCD & Game) ဖုန်း-၀၆၄-၂၅၂၇၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

နေ့စဉ်ပုံမှန် လမ်းလျှောက်ရာတွင် ခြေလှမ်းအရေအတွက် ပိုမိုလျှောက်လှမ်းခြင်းသည် အရွယ်ရောက်သူများ၌ ရုပ်ပိုင်းဆိုင်ရာ ကြံ့ခိုင် ဖွံ့ဖြိုးမှုကိုလည်း အထောက်အကူပြုပြီး သွေးလည်ပတ်မှု ပုံမှန်ဖြစ်စေကာ သွေးတိုး ရောဂါ ဖြစ်ပွားနိုင်မှုကိုလည်း ကာကွယ်ပေးနိုင်ကြောင်း ဩစတြေးလျ သုတေသနပညာရှင် ပါမောက္ခတီရာဒွေးယာက ပြောကြားသည်။

ထွက်ပေါ်လာ

နေ့စဉ်ပုံမှန် ခြေလှမ်းများထက် ခြေတစ်လှမ်း တိုးမြှင့်လျှောက်လှမ်းခြင်းသည် ဆေးတစ်ကြိမ်သောက်ခြင်းထက် ပိုမို ထိရောက်မှုရှိကြောင်း လူလတ်ပိုင်းအရွယ်ရှိ ၅၉၂ ဦးအား ငါးနှစ်တာ သုတေသနပြုမှုမှ ထွက်ပေါ်လာသည့် ရလဒ်ဖြစ်သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ထိရောက်စွာ

နေ့စဉ် ခြေလှမ်းအရေအတွက် တိုးမြှင့် လျှောက်လှမ်းခြင်းသည် ခန္ဓာကိုယ် အလေးချိန်ကျဆင်းခြင်းကို ထိရောက်စွာအကျိုးပြုစေနိုင်သည့်အပြင် ဆီးချိုနှင့် သွေးတိုးကဲ့သို့သော ရောဂါဆိုးများ မဖြစ်ပွားအောင် ကာကွယ်နေခြင်းတစ်ရပ်ဖြစ်ကြောင်း ၎င်းတို့၏ သုတေသနပြုချက်၌ ဖော်ပြထားသည်။

လျော့ကျစေ

နိုင်ငံတကာမှ ကျန်းမာရေး သုတေသနပြုချက်များတွင် နေ့စဉ် လမ်းလျှောက်မှု အနေအထား သတ်မှတ်ရာတွင် သီတင်းတစ်ပတ်လျှင် ငါးရက်အတွင်း ခြေလှမ်းအရေအတွက် ၃၀၀၀ လှမ်းရမည်ဟု ဆိုထားသည်။ သို့သော် ကျန်းမာရေးအတွက် အမှန်တကယ် အကျိုးပြုစေသည့် ခြေလှမ်းအရေအတွက်မှာ တစ်နေ့လျှင် ခြေလှမ်းအရေအတွက် ၁၀၀၀၀ ဖြစ်ပြီး ယင်းအတိုင်း ခြေလှမ်းများ လျှောက်လှမ်းပါက ဆီးချိုနှင့် သွေးတိုးရောဂါ ဖြစ်ပွားမှုကို လျော့ကျစေမည်ဖြစ်ကြောင်း ဖော်ပြထားသည်။ ***(အင်တာနက်)***

မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အမှတ်(၂) စက်မှုဝန်ကြီးဌာန မြန်မာ့လယ်ယာသုံး စက်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်း၊ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထိုက်အား ယင်းဝန်ကြီးဌာန မြန်မာ့စက်မှုလုပ်ငန်းများစီမံကိန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

အမည်	ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲ ရာထူး၊ ဌာန
(က) ဦးစိုးကိုကို	ညွှန်ကြားရေးမှူးချုပ် စည်ပင်သာယာရေးဦးစီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန
(ခ) ဦးမျိုးသက်ရွှေ	ဦးဆောင်ညွှန်ကြားရေးမှူး မွေးမြူရေး၊ အစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးအောင်မင်းအား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြောက်ပိုင်းစွန်းဒေသများ ကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၀

ယနေ့နံနက် ၉ နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့် သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိလျော့နည်းခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းဒေသကြီးတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

ဇန်နဝါရီ ၂၁ ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ရွာဖွယ်ရာရှိပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

မီးကြွင်းမီးကျန်
မထားရန်
ကျင့်ကြံသတိအမြဲရှိ

21-1 (03).pmd 1 1/21/2011, 3:32 AM

နိုင်ငံတကာသတင်းများ
နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ နိုင်ငံတကာသတင်းများ

တောင်အာဖရိကဌ်ရေလွှမ်း၊ လူ ၄၀ သေဆုံး

ပရီတိုးရီးယား ဇန်နဝါရီ ၂၀

တောင်အာဖရိကနိုင်ငံတွင် ရေလွှမ်းမှုကြောင့် အနည်းဆုံး လူ ၄၀ သေဆုံးပြီး အိမ်နီးချင်း မိုဇမ်ဘစ်နိုင်ငံ၌ ရေလွှမ်းမှုကြောင့် ထောင်ပေါင်းများ စွာသော လူနေအိမ်များ ပျက်စီးခဲ့ကြောင်း တောင်အာဖရိကအရာရှိများက ဇန်နဝါရီ ၂၀ရက်တွင် ပြောကြားသည်။ **(အပေါ်ပုံ)**

တောင်အာဖရိကနိုင်ငံ၏ ပြည်နယ်ကိုးခုအနက် ခုနစ်ပြည်နယ်ကို သဘာဝဘေးအန္တရာယ် ကြုံရသည့် နယ်မြေများအဖြစ် ကြေညာထားရသည်။ ရေဘေးကြောင့် အနည်းဆုံးပြည်သူ ၄၀ သေဆုံးပြီး အများအပြား ပျောက်ဆုံးလျက်ရှိကြောင်း တောင်အာဖရိကအစိုးရက ကြေညာသည်။

ဒီဇင်ဘာနှောင်းပိုင်းမှ ဇန်နဝါရီတစ်လလုံးနီးပါး မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်အာဖရိကနှင့် မိုဇမ်ဘစ်နိုင်ငံတို့တွင် ရေလွှမ်းပြီး ပြီးခဲ့သည့် ရက်သတ္တပတ်အကုန်က မိုးပိုမိုပြင်းထန်စွာ ရွာသွန်းမှုကြောင့် ဒေသအတွင်းရှိမြစ်များ ရေလျှံကာ ယခုကဲ့သို့ ပြည်သူတို့ ရေဘေးဒုက္ခနှင့် ရင်ဆိုင်ရခြင်းဖြစ်သည်။ **(အင်တာနက်)**

ယူကရိန်း လက်နက်တင်ပို့မှု ၂၀ရာခိုင်နှုန်းခန့် မြင့်တက်

ကီယက်ဗ် ဇန်နဝါရီ ၂၀

ယူကရိန်းနိုင်ငံ၏ လက်နက်တင်ပို့မှု ပမာဏသည် ၂၀၁၀ခုနှစ်တွင် ၁၉ ဒသမ ၆၆ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ငွေပမာဏအားဖြင့် အမေရိကန် ဒေါ်လာ ၉၅၆ ဒသမ ၇သန်းရှိခဲ့ကြောင်း အင်တာဖက် သတင်းအေဂျင်စီက ဇန်နဝါရီ ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

လွတ်လပ်သော နေသဟာယအဖွဲ့ဝင်နိုင်ငံများသို့ စစ်လက်နက်တင်ပို့မှု ပမာဏသည် ၂၃ ရာခိုင်နှုန်းနှင့် အာရှနိုင်ငံများသို့ တင်ပို့မှုသည် ၄၉ရာခိုင်နှုန်းရှိခဲ့ကြောင်း လက်နက်တင်ပို့သည့် ကုမ္ပဏီကပြောကြားသည်။

ကြိုတင်ခန့်မှန်း

နိုင်ငံခြားသို့ လက်နက်တင်ပို့မှုသည် ၂၀၁၁ခုနှစ်တွင် ၁၀ရာခိုင်နှုန်း မြင့်တက်လာနိုင်ကြောင်း နိုင်ငံပိုင်စစ်လက်နက်ထုတ်လုပ်ရေး ကုမ္ပဏီများက ကြိုတင်ခန့်မှန်းထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာရှ၏ ပထမဆုံးဒီလှိုင်းအားသုံး ဓာတ်အားစက်ရုံ အိန္ဒိယနိုင်ငံတွင် တည်ဆောက်မည်

နယူးဒေလီ ဇန်နဝါရီ ၂၀

အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်တွင် အာရှတိုက်၏ ပထမဆုံးစီးပွားဖြစ် ဒီလှိုင်းအင်အားသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် စီစဉ်လျက်ရှိကြောင်း အင်တာနက်သတင်းတွင် ဇန်နဝါရီ ၁၉ ရက်က ဖော်ပြသည်။ **(ယာပုံ)**

မျှော်လင့်ထား

၂၀၁၂ ခုနှစ်ဆန်းပိုင်းမှ စတင်တည်ဆောက်မည့် ယင်းစက်ရုံကို အိန္ဒိယနိုင်ငံ အနောက်ဘက်ကမ်းခြေ ကွတ်ပင်လယ်ကွေ့အတွင်းတွင် အတ္တလန္တစ်ရီဆိုစ့်ကုမ္ပဏီက တည်ဆောက်မည်ဖြစ်သည်။ ၎င်းစက်ရုံက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၅၀ စတင်ထုတ်လုပ်မည်ဖြစ်ပြီး မဂ္ဂါဝပ် ၂၀၀ ကျော်အထိ တိုးချဲ့ထုတ်လုပ်နိုင်မည်ဟု မျှော်လင့်ထားသည်။

ကမ္ဘာပေါ်တွင် အကြီးမားဆုံး ဒီလှိုင်းအင်အားသုံးလျှပ်စစ်ဓာတ်အားပေးစက်ကို ပြင်သစ်တွင် တည်ဆောက်လျက်ရှိပြီး မဂ္ဂါဝပ် ၂၄၀ ထုတ်ပေးနိုင်မည်ဖြစ်သည်။ **(အင်တာနက်)**

ကိုလံဘီယာ၌ ထောင်တွင်းသို့ မူးယစ်ဆေးသယ်ဆောင်သော ခိုငှက်ဖမ်းမိ

ကိုလံဘီယာ ဇန်နဝါရီ ၂၀

ကိုလံဘီယာနိုင်ငံ ဘူကာရာမန်ဂါမြို့ အရှေ့မြောက်ပိုင်းတွင် ဆေးခြောက်နှင့် ကိုကင်းများကို ကျောဘက်တွင် သိုဝှက်ချည်နှောင်ကာ အကျဉ်းထောင်အတွင်းသို့ သယ်ဆောင်လာသော ခိုငှက်တစ်ကောင်အား ဖမ်းဆီးရမိလိုက်ကြောင်း ကိုလံဘီယာရဲတပ်ဖွဲ့က ဇန်နဝါရီ ၁၉ ရက်၌ ပြောကြားသည်။ **(အောက်ပုံ)**

စောင့်ကြည့်

ခိုငှက်၏ ကျောပေါ်တွင် တွေ့ရှိရသော ဆေးခြောက် အလေးချိန်သည် ၄၅ဂရမ်ခန့်ရှိကြောင်း ရဲတပ်ဖွဲ့ဝင်များက ဆက်လက်ပြောကြားသည်။ ထို့သို့ဖြစ်ရပ်ကြောင့် ကိုလံဘီယာနိုင်ငံရှိ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့များကလည်း ယခုချိန်မှစတင်ကာ ငှက်များကို ဂရုစိုက်စောင့်ကြည့်လျက်ရှိကြောင်း ရဲအရာရှိတစ်ဦးက ထပ်မံပြောကြားသည်။

ငှက်များကိုအသုံးချကာ ထောင်ထဲသို့ ဆေးခြောက်များသယ်ဆောင်ရန် ကြိုးပမ်းနေမှုများကို တားဆီးနိုင်ရန်အတွက် မိမိတို့သည် ငှက်များကို စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း ဘူကာရာမန်ဂါမြို့ ရဲအရာရှိ ဂျိုအိန်ဂျယ်လ်မန်ဒိုဇာက ပြောကြားသည်။

ယင်းကိစ္စသည် ပြစ်မှုဆိုင်ရာမှုခင်းအသစ်ဖြစ်ပြီး အကျဉ်းထောင်ထဲသို့ ဆေးခြောက်များ သယ်ယူနိုင်ရန်အတွက် ခိုငှက်များကို အထူးလေ့ကျင့်သင်ကြားပေးထားကြောင်း ၎င်းရဲအရာရှိက ထပ်မံပြောကြားသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

အိန္ဒိယတံငါသည် ၁၃ဦး ဖမ်းဆီးခံရ

အစ္စလမ္မာဘတ် ဇန်နဝါရီ ၂၀

ပါကစ္စတန်အာဏာပိုင်များက ၎င်းတို့၏ ရေပိုင်နက်အတွင်းသို့ ကျူးကျော် ဝင်ရောက်လာသော အိန္ဒိယတံငါသည် ၁၃ဦးအား ဖမ်းဆီးပြီး ၎င်းတို့၏ ငါးဖမ်းသင်္ဘော လေးစင်းကို သိမ်းဆည်းလိုက်ကြောင်း ဇန်နဝါရီ ၂၀ရက်၌ သတင်းထုတ်ပြန်သည်။

အိန္ဒိယတံငါသည်များအား ဇန်နဝါရီ ၁၈ရက်ညက ဖမ်းဆီးလိုက်ပြီး နောက်တစ်နေ့တွင် ကရာချိ ရဲတပ်ဖွဲ့သို့ လွှဲပေးလိုက်ကြောင်း ပရက်စ်ထရပ်အော့ အင်ဒီးယား သတင်းစာက ဖော်ပြသည်။

အရေးယူ

အိန္ဒိယ တံငါသည်များမှာ တရားရုံးမထုတ်မီ ကရာချိ ရဲအချုပ်တွင် ဆက်လက် နေကြရမည်ဖြစ်သည်။ ပါကစ္စတန်နှင့် အိန္ဒိယ အာဏာပိုင်များသည် နှစ်ဖက်စလုံးမှ တရားမဝင်ငါးဖမ်းကြသည့် တံငါသည်များအား မကြာခဏဖမ်းဆီး အရေးယူလေ့ရှိကြသည်။ **(အင်တာနက်)**

>> မိုးမြင့်လင်းလက် – စုစည်းသည် <<

အီရန်နယ်စပ်၌ အင်အားပြင်းငလျင်လှုပ်

ဝါရှင်တန် ဇန်နဝါရီ ၂၀

အီရန်၊ ပါကစ္စတန်နှင့် အာဖဂန်နစ္စတန်နိုင်ငံများရှိ နယ်စပ်သဲကန္တာရဒေသတွင် ဇန်နဝါရီ ၁၉ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၂ အင်အားရှိ ငလျင်လှုပ်သွားကြောင်း အမေရိကန် ဘူမိဗေဒလေ့လာရေးဌာနက ဇန်နဝါရီ ၂၀ရက်တွင် သတင်းထုတ်ပြန်ကြေညာသည်။

ထိခိုက်

ငလျင်လှုပ်သည့်ဒေသမှာ ပါကစ္စတန်နိုင်ငံ ကွက်တာမြို့နှင့် အီရန်နိုင်ငံ ဇာဟီအန်မြို့တို့မှ ကီလိုမီတာ ၃၀၀ နှင့် ၄၀၀ ကွာဝေးသည့် အရပ်၌ဖြစ်ပြီး အနီးအနားမြို့များတွင် အဆောက်အအုံများ အနည်းငယ် ထိခိုက်တိမ်းစောင်းမှုများရှိကြောင်း သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)** **(အင်တာနက်)**

တရုတ်အရှေ့မြောက်ပိုင်းရှိ ရေနံချက်စက်ရုံ ပေါက်ကွဲမီးလောင်၊ လူ ၃၀ ဒဏ်ရာရ

ဖူရှွန် ဇန်နဝါရီ ၂၀

တရုတ်ပြည်အရှေ့မြောက်ပိုင်း ရေနံချက်စက်ရုံတစ်ရုံတွင် ပေါက်ကွဲမှုဖြစ်ပွားသဖြင့် **(အပေါ်ပုံ)** အနည်းဆုံး အလုပ်သမား ၃၀ ဒဏ်ရာရရှိသွားကြောင်း တရုတ်ကွန်မြူနစ်ပါတီ ဖူရှွန်မြူနီစီပယ်ကော်မတီ သတင်းထုတ်ပြန်ရေးဌာန အရာရှိများက အတည်ပြုပြောကြားသည်။

ထိန်းချုပ်နိုင်

လျောင်နင်းပြည်နယ် ဖူရှွန်မြို့ရှိ ရေနံချက်စက်ရုံတွင် ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ပေါက်ကွဲမှုဖြစ်ပွားရာ ယင်းပေါက်ကွဲမှုကြောင့် မှန်ကွဲမှန်စများနှင့် အခြားအပိုင်းအစများ ထိမှန်ခဲ့သဖြင့် အလုပ်သမားများ ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရအလုပ်သမားအားလုံးကို ဆေးရုံသို့ တင်ပို့လိုက်ပြီး အများစုမှာ ပွန်းပဲ့ရုံသာ ရှိသည်။ မီးသတ်သမားများလည်း ပေါက်ကွဲမှုဖြစ်ပွားရာ ဖူရှွန်ရေနံဓာတုကုမ္ပဏီ၏ အမှတ်(၂) ရေနံချက်စက်ရုံသို့ ရောက်ရှိလာပြီးမီးလောင်မှုကို အချိန်မီ ထိန်းချုပ်နိုင်ခဲ့ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

✻ *ကျောဖုံးမှ*

လာမှုကြောင့် ပင်လယ် ရေမျက်နှာပြင် ပိုမိုပူနွေးပြီး ပင်လယ်နဲ့ သမုဒ္ဒရာရေစီးကြောင်းတွေ ပြောင်းလဲကာ ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုတွေ ဆိုးဆိုးရွားရွား ဖြစ်ပေါ်စေတာပဲ ဖြစ်ပါတယ်။

ပူနွေးမှုဖြစ်ပေါ်

ဒါကြောင့် ၂၀၁၀ ခုနှစ်က ကမ္ဘာ့အပူချိန် မြင့်တက်ခဲ့တာဟာ ပစိဖိတ်သမုဒ္ဒရာ အရှေ့ပိုင်းနဲ့ အလယ်ပိုင်းတွေရဲ့ ရေမျက်နှာပြင်တွေ ပူနွေးမှုဖြစ်ပေါ်စေခဲ့ပါတယ်။ အဲဒီ ပင်လယ်သမုဒ္ဒရာ ရေမျက်နှာပြင် ပူနွေးမှုဟာ တစ်နှစ်ကျော်ကြာ ဆက်တိုက်ဖြစ်ပေါ်ပြီး ကြီးမားတဲ့ဆိုးကျိုးသက်ရောက်မှုဟာ ချက်ချင်းမဖြစ်ပေါ်ဘဲ လာမယ့် ၂၀၁၂ခုနှစ်မှာ ဘေးအန္တရာယ်ဖြစ်စေမယ့် အယ်နီညို ရာသီဥတုမျိုး ဖြစ်ပေါ်လာနိုင်တယ်လို့ မှတ်တမ်းတွေမှာ ဖော်ပြထားကြောင်း ဗြိတိန်နိုင်ငံမှ ရာသီဥတုဆိုင်ရာ သုတေသနပညာရှင် ဖီးလ်ဂျုန်းက ဆိုပါတယ်။

အယ်နီညိုဖြစ်ပွားခဲ့

ကမ္ဘာ့ရာသီဥတုကို ၁၈၈၀ ပြည့်နှစ်ကတည်းက မှတ်တမ်းတင် ပြုစုလာခဲ့တဲ့ သုတေသနပြုချက်တွေအရ ၂၀၀၅ ခုနှစ်ဟာ ဆယ်စုနှစ်အတွင်း အပူချိန်အမြင့်ဆုံးဖြစ်ခဲ့သလို တစ်နှစ်ကျော်ကြာ ၂၀၀၇ ခုနှစ်မှာ အယ်နီညို ဖြစ်ပွားခဲ့ပါတယ်။ ၂၀၁၀ ခုနှစ်မှာလည်း ကမ္ဘာ့အပူချိန်မြင့်တက်ခဲ့တာမို့ လာမယ့် ၂၀၁၂ ခုနှစ်မှာ အယ်နီညို ဖြစ်ပွားနိုင်တယ်လို့လည်း အမေရိကန် ရာသီဥတုဆိုင်ရာဌာနနဲ့ နာဆာရဲ့ အာကာသရေးရာ ရာသီဥတုလေ့လာမှုဆိုင်ရာ သိပ္ပံအဖွဲ့က ဇန်နဝါရီ ဒုတိယပတ်မှာ သတင်းထုတ်ပြန်ခဲ့ပါတယ်။

မုန်တိုင်းတိုက်ခတ်မှု ကြုံတွေ့ခဲ့ရသည့် ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်း၌ ဤသို့ အပျက်အစီးများ ဖြစ်ပေါ်ခဲ့ရသည်။

ပျက်စီးဆုံးရှုံးမှု

အယ်နီညိုရာသီဥတု ဆိုးရွားစွာ ဖြစ်ပေါ်နိုင်တဲ့ ၂၀၁၂ ခုနှစ် အတွင်းမှာ ကမ္ဘာ့တစ်ဝန်း၌ စားနပ်ရိက္ခာ ထုတ်လုပ်မှု ထိခိုက်ပြီး ကောက်ပဲသီးနှံတွေလည်း ပျက်စီးဆုံးရှုံးမှု ပိုမိုများပြားနိုင်ဖွယ် ရှိပါတယ်။ ကမ္ဘာတစ်ဝန်းမိုးသည်းထန်မှု၊ ရေလွှမ်းမှုတွေအပြင် မိုးခေါင်မှု၊ မုန်တိုင်းတိုက်မှု၊ သောက်သုံးရေ ပြတ်လပ်မှုတွေ၊ မီးတောင်ပေါက်ကွဲမှုနဲ့ မြေငလျင်လှုပ်မှုတွေဟာ ထူးထူးခြားခြား ဖြစ်ပေါ်နိုင်တဲ့အပြင် နေအိမ်အဆောက်အအုံတွေ ပျက်စီးပြီး လူသေဆုံးမှု အပါအဝင် တိရစ္ဆာန်တွေ သေဆုံးမှုလည်း ကြီးမားစွာဖြစ်ပေါ်နိုင်တယ်လို့ သုံးသပ်နေကြပါတယ်။

အဲဒီလို ရာသီဥတုဖောက်ပြန်မှုကြောင့် ကမ္ဘာ့ဂျုံထုတ်လုပ်မှုဟာ ၁၄ ရာခိုင်နှုန်း ကျဆင်းနိုင်တဲ့အပြင် ကမ္ဘာ့ဆန်စိုက်ပျိုးထုတ်လုပ်မှုဟာ ၉ ရာခိုင်နှုန်းကျဆင်းသွားနိုင်ပါတယ်။အဓိက ကောက်ပဲသီးနှံတွေစိုက်ပျိုးထုတ်လုပ်မှု ကျဆင်းသွားမှာဖြစ်လို့ လောလောဆယ်မှာ ကမ္ဘာ့ပြည်သူ ၁၄ ရာခိုင်နှုန်း စားနပ်ရိက္ခာ မလုံလောက်မှုဖြစ်နေရာကနေ ၂၀ရာခိုင်နှုန်းအထိ တိုးမြင့်လာဖွယ်ရှိပါတယ်။ အထူးသဖြင့် ကလေးငယ်တွေ အစာရေစာငတ်မွတ်မှုဟာ အရင်ကထက် နှစ်ဆတိုးမြင့်လာမှာဖြစ်တယ်လို့ နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ သုတေသနအဖွဲ့၊ ကမ္ဘာ့မိုးလေဝသအဖွဲ့၊ ကမ္ဘာ့စားနပ်ရိက္ခာနဲ့ စိုက်ပျိုးရေးအဖွဲ့တို့အပြင် ကမ္ဘာ့ဘဏ်ရဲ့ နောက်ဆုံးထုတ်ပြန်တဲ့ အစီရင်ခံစာတွေမှာလည်း ဖော်ပြထားပါတယ်။

ထို့ကြောင့် အထက်ပါကုမ္ပဏီမှ ထုတ်လုပ်ရောင်းချလျက်ရှိသော (HAICNEAL) ဟက်နီးလ်ဖောက်ပျောက်ခေါင်းလျှော်ရည် ကုန်အမှတ်တံဆိပ်အား ဆင်တူယိုးမှားဖြစ်အောင်၊ ထင်ယောင်ထင်မှားဖြစ်အောင်၊ သုံးစွဲသူအများပြည်သူများ ကျန်းမာရေးထိခိုက်အောင် တုပလိမ်လည်ပြုလုပ်ထုတ်လုပ်ဖြန့်ဖြူး တင်သွင်းရောင်းချနေသူများနှင့် လက်ဝယ်ထားရှိအားပေးကူညီ ရောင်းချနေသူများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း တွေ့ရှိရပါက အထက်ပါကုမ္ပဏီ၏ အကျိုးစီးပွား ထိခိုက်နစ်နာဆုံးရှုံးမှုအတွက် တည်ဆဲဥပဒေများနှင့်အညီ တရားမကြောင်းဖြင့်ဖြစ်စေ၊ ပြစ်မှုကြောင်းဖြင့်ဖြစ်စေ ထိရောက်ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်သင်းသင်းရီ

(တရားရုံးချုပ်ရှေ့နေ)အမှတ်စဉ်-၁၄၈၀

အမှတ် ၅၂၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရုံးဖုန်း-၂၄၅၉၆၈၊ အိမ်ဖုန်း-၂၂၁၇၇၊ ၂၅၄၃၉၊ ၀၉-၅၀-၀၅၄၈၇။



အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆J၊ မြေကွက်အမှတ်- ၁၁၃/၉ ဧရိယာ ၀ဒသမ၅၆၄ဧကရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၁)ရပ်ကွက်၊ ကမ္ဘာ့အေးဘုရားလမ်း၊ အမှတ် ၁၀၃ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးနှင့်ပတ်သက်၍ တရားဝင်အမည်ပေါက် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်အေးအေးဝင်း(ခ)ဒေါ်ဖီးရင် ၁၂/ဗတထ(နိုင်)၀၀၀၀၃၂၏ တရားဝင် အထွေထွေကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်မြင့်မြင့်ဝင်း(ခ)ဒေါ်ပိကျင်း ၁၂/ဗတထ(နိုင်)၀၀၀၁၁၇ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်-၆၀၈၂)

B.A,H.G.P, C.B.L, D.B.L,D.M.L၊ ဥပဒေအကျိုးဆောင်၊

အမှတ်၁၀/၁၂၊ ပထမထပ်(အေ-၅)၊၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း- ၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၊ မြေကွက်အမှတ် ၁၁၇/သ၂၊ဧရိယာ ၀ဒသမ၀၄၈ ဧကရှိသော နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ရန်ကင်းမြို့နယ်၊ အဝေရာလမ်း၊ အမှတ် ၈ ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံ အပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့နှင့်ပတ်သက်၍ တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသည့် မြေအမည်ပေါက် ပိုင်ရှင်ဖြစ်သူ၏ အထူးကိုယ်စားလှယ်လွှဲစာရရှိသူ မိအေးမူ ၁၂/တမန(နိုင်) ၀၇၉၇၁၇ ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါ၍ အဆိုပါ ပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးစိန်ဝင်း(စဉ်-၆၀၈၂)

B.A,H.G.P,C.B.L,D.B.L,D.M.L၊ ဥပဒေအကျိုးဆောင်၊

အမှတ် ၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၉၉-၂၅၇၃၆၊၀၉-၅၀- ၇၀၆၇၇။

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် မူဆယ်မြို့နယ် ပန်ဆိုင်း(ကြူကုတ်)မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဆိုင်းဘုတ်ဖွင့်ပွဲကို ဇန်နဝါရီ ၁၄ ရက်က အဆိုပါရုံး၌ကျင်းပရာ မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမိုးဟိန်း ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။ (ခရိုင် ပြန်/ဆက်)

မော်တော်ယာဉ်မှတ်ပုံတင် စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ပမ/၅၁၀၆၇ Yamaha 100m/c ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာရဲမင်းလတ် ၇/ရတန(နိုင်) ၀၇၁၀၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ပြည်မြို့။**

သင့်သွေးဖြင့် အသက်ကယ်ပါ

ဗထူးကွင်း၌ အားပြိုင်ကြမည့် ရတနာပုံနှင့် ရန်ကုန်ယူနိုက်တက်

သတင်းမှတ်စုနှင့်ဓာတ်ပုံ- စိုင်းရဲရင့်

ရန်ကုန် ဇန်နဝါရီ ၂၀

MNL Grand Royal 2011 အမှတ်ပေးဘောလုံးပြိုင်ပွဲ ပထမအကျော့ ပွဲစဉ်(၂)ကို ယခုတစ်ပတ် ဇန်နဝါရီ ၂၂၊ ၂၃၊ ၂၄ ရက်များတွင် ကျင်းပမည် ဖြစ်သည်။ ယခုတစ်ပတ် ကျင်းပမည့်ပွဲစဉ်များတွင် MNL ၏ ထိပ်သီးနှစ်သင်းဖြစ်သည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ထိပ်တိုက်တွေ့ဆုံကြမည့် ပွဲကောင်းလည်း ပါဝင်လျက်ရှိသည်။

ရတနာပုံ F.Cအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်း။

စိတ်ဝင်စား

ယခုတစ်ပတ်တွင် ပွဲစဉ်(၂)အဖြစ် ဇန်နဝါရီ ၂၂ ရက်တွင် ဗထူးကွင်း၌ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ သုဝဏ္ဏကွင်း၌ နေပြည်တော်အသင်းနှင့် မကွေးအသင်း၊ အောင်ဆန်းကွင်း၌ ဇွဲကပင်ယူနိုက်တက်အသင်းနှင့် ကမ္ဘောဇအသင်း၊ ဇန်နဝါရီ ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ ရက္ခပူရယူနိုက်တက်အသင်းနှင့် ဧယျာဝတီအသင်း၊ အောင်ဆန်းကွင်း၌ ရွှေမြေအသင်း၊ ဧရာဝတီယူနိုက်တက်အသင်းနှင့် ဆောက်သမ်းမြန်မာအသင်း၊ ဇန်နဝါရီ ၂၄ ရက်တွင် အောင်ဆန်းကွင်း၌ မနောမြေအသင်းနှင့် ဥဿာယူနိုက်တက်အသင်းတို့ ကစားကြမည်ဖြစ်သည်။ ယင်းပွဲစဉ်များအနက် ဗထူးကွင်းတွင် တွေ့ဆုံကြမည့် လက်ရှိချန်ပီယံ ရတနာပုံအသင်းနှင့် ရန်ကုန်ယူနိုက်တက် တို့၏ပွဲစဉ်မှာ ပရိသတ်များ စိတ်ဝင်စားကြသည်။

ပြင်ဆင်နေ

ရတနာပုံအသင်းပိုင်ရှင် ဒေါက်တာ စိုင်းဆမ်ထွန်းက "ရန်ကုန်နှင့်ပွဲအတွက် လက်ရှိ လူစာရင်းနှင့် အကောင်းဆုံးဖြစ်အောင် ပြင်ဆင်နေကြောင်း၊ ရက္ခပူရနှင့် အဖွင့်ပွဲတွင် မိမိတို့အသင်းမှ အမာခံကစားသမားများ မပါဝင်နိုင်၍ အားနည်းမှုများ ရှိခဲ့ကြောင်း၊ လူငယ်များကို ပွဲထုတ်ခဲ့သော်လည်း ခြေစွမ်းမပြနိုင်ခဲ့ကြောင်း၊ ရက္ခပူရနှင့်ပွဲတွင် ပွဲပယ်ခံထားရသည့် ရန်ပိုင်၊ ကိုနေးလ်နှင့် အုပ်ချုပ်သူ လိုအန်၊ ဌာနပြန်သွားသည့် အောင်ကျော်မိုးနှင့် ထွန်းထွန်းဝင်း၊ မကွေးအသင်းသို့ ပြောင်းသွားသည့် ရိုဒရီဂူ စသည့် အမာခံများ မပါဝင်နိုင်ခဲ့၍ အသင်းမှာ များစွာအားနည်းခဲ့ကြောင်း၊ ထို့ပြင် မိမိတို့ ပုံမှန်ခြေစွမ်းရအောင် မကစားနိုင်ခဲ့ကြောင်း၊ ကွင်းလယ်တွင် ကစားခဲ့သည့် ဂျီနွန်ဆီယန်မှာလည်း ခြေစွမ်းမပြနိုင်ခဲ့၍ မိမိတို့ ကစားပုံ မကောင်းခဲ့ကြောင်း၊ ရက္ခပူရအသင်းကို ချီးကျူးမိသလို ကံဆိုးလျှင် ရှုံးပွဲပင်ကြုံတွေ့သွားနိုင်ကြောင်း။

ကြိုးစားသွားမည်

"ရန်ကုန်နှင့်ပွဲတွင် ရန်ပိုင်နှင့် ကိုနေးလ်တို့ ပါဝင်နိုင်မည်မဟုတ်ဘဲ ရန်ပိုင်မှာ နောက်ထပ်နှစ်ပွဲ ပါဝင်နိုင်ဦးမည် မဟုတ်ကြောင်း၊ ပြိုင်ဘက်အသင်းက ပြင်ဆင်မှု ပြည့်ဝနေချိန်တွင် မိမိတို့က လူမစုံဘဲ ကစားရမည်ဖြစ်ကြောင်း၊ အမာခံကစားသမားများ မရှိတော့၍ ပထမအကျော့တွင် ရန်းကန်ရနိုင်ကြောင်း၊ ပြီးခဲ့သည့် ရာသီကလည်း ပထမလေးပွဲတွင် ငါးမှတ်သာရခဲ့ကြောင်း၊ လမ်းကြောင်းမှန်အပေါ် ပြန်လည်ရောက်ရှိအောင် ကြိုးစားသွားမည်ဖြစ်ကြောင်း" ပြောကြားခဲ့သည်။

ရန်ကုန်ယူနိုက်တက် အသင်း ဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇ။

ယှဉ်ပြိုင်သွားမည်

ရန်ကုန်ယူနိုက်တက်အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးတေဇက "ယခု 2011 MNL ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရန်အတွက် ကစားသမားပိုင်း၊ နည်းစနစ်ပိုင်း၊ ပရိသတ်ပိုင်းကို အကောင်းဆုံးဖြစ်အောင် ပြင်ဆင်ထားကြောင်း၊ ရတနာပုံနှင့်ပွဲအတွက်လည်း သေချာပြင်ဆင်ထားကြောင်း၊ မိမိရော အသင်းပိုင်ရှင်ပါ ဗထူးကွင်းသို့ သွားရောက်အားပေးမည် ဖြစ်ကြောင်း၊ မိမိတို့အသင်းမှာ ခြေစွမ်း၊ ကစားကွက်နှင့် စိတ်ဓာတ်ပိုင်း တိုးတက်လာသည်ဟုထင်ကြောင်း၊ ရတနာပုံအသင်းမှာ ပွဲဦးထွက်တွင် ရက္ခပူရနှင့် သရေကျခဲ့သော်လည်း မိမိတို့နှင့် ပွဲတွင် အကောင်းဆုံးခြေစွမ်းဖြင့် ယှဉ်ပြိုင်နိုင်မည်ဟု ယုံကြည်ကြောင်း၊ ယခုပွဲကို ရန်ကုန်မြို့မှ ပရိသတ် ၅၀၀နှင့် နေပြည်တော်၊ ပခုက္ကူ၊ ပြင်ဦးလွင်၊ ပုဂံ-ညောင်ဦးတို့မှ ပရိသတ် ၂၀၀၀ လိုက်လံအားပေးနိုင်ရန် စီစဉ်ထားကြောင်း၊ ယခုပွဲတွင် ဗထူးကွင်း၌ ရန်ကုန်ပရိသတ်များ ဝမ်းသာစေရမည်ဖြစ်ကြောင်း၊ ပွဲစဉ်တိုင်းမှာ ချန်ပီယံဆုအတွက်အရေးပါ၍ အကောင်းဆုံးဖြစ်အောင် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။ ။

(မြန်မာ့အလင်း)

ကချင်ပြည်နယ်ဒေသအချို့၌ မိုးသီးကြွေကျပြီး နှင်းမိုးရွာသွန်းမှုဖြစ်ပွားခဲ့

နေပြည်တော် ဇန်နဝါရီ ၂၀

ကချင်ပြည်နယ် ချီဖွေမြို့နယ် ပန်ဝါမြို့နယ်ခွဲ၌ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီခန့်တွင် နှင်းမိုးရွာသွန်းပြီး လေပြင်းများတိုက်ခတ်ခဲ့ကြောင်း၊ အလားတူ ဗန်းမော်မြို့နယ်အတွင်း ဇန်နဝါရီ ၁၆ ရက် ညနေ ၆ နာရီခန့်တွင် မိုးစတင်ရွာသွန်းခဲ့ရာ ည ၁၀ နာရီခွဲခန့်တွင် ဖန်ဂေါ်လီလုံးအရွယ်မိုးသီးများ ကြွေကျကာ လေပြင်းများတိုက်ခတ်ခဲ့ကြောင်း၊ ထို့ပြင် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်၌ ဇန်နဝါရီ ၁၆ ရက် ညနေ ၆ နာရီခန့်မှစ၍ မိုးအဆက်မပြတ်ရွာသွန်းခဲ့ပြီး ည ၁၂ နာရီခန့်မှစ၍ နှင်းမိုးများ ရွာသွန်းခဲ့သဖြင့် ဇန်နဝါရီ ၁၇ ရက် နံနက် ၁ နာရီခန့်တွင် နှင်းထုတစ်ပေကျော်ဖုံးလွှမ်းခဲ့ကြောင်း၊ ညနေ ၆ နာရီခန့်တွင် မိုးရွာသွန်းမှု ရပ်သွားခဲ့မှသာ နှင်းများအရည်ပျော်သွားခဲ့ကြောင်း သိရသည်။

အဆိုပါ မြို့နယ်တို့၌ မိုးသီးကြွေကျမှု၊ နှင်းမိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကြောင့် လူထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိုက်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အရှည်ပေ ၂၅၀၀၊ အကျယ် ၁၀ ပေရှိ ညောင်တုန်း-ရှမ်းကွင်းကြီးလမ်း ဂဝံခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၈ ရက်က အဖွဲ့အမှုဆောင်အရာရှိ သူရဦးမြင့်သူ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်အနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း(၇၆)ခုအား ရောင်းချမည်ဖြစ်ပါသည်- (ပူးတွဲ)

စဉ်	ဝန်ကြီးဌာန/အဖွဲ့အစည်း	အရေအတွက်(ခု)
(က)	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန	၁
(ခ)	အမှတ်(၁)စက်မှုဝန်ကြီးဌာန	၂၁
(ဂ)	အမှတ်(၂)စက်မှုဝန်ကြီးဌာန	၇
(ဃ)	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန	၈
(င)	မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန	၈
(စ)	သမဝါယမဝန်ကြီးဌာန	၂
(ဆ)	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန	၉
(ဇ)	ပြန်ကြားရေးဝန်ကြီးဌာန	၁၀
(ဈ)	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန	၃
(ည)	ရထားပို့ဆောင်ရေးဝန်ကြီးဌာန	၁
(ဋ)	စွမ်းအင်ဝန်ကြီးဌာန	၁
(ဌ)	ဆောက်လုပ်ရေးဝန်ကြီးဌာန	၂
(ဍ)	ပြည်ထဲရေးဝန်ကြီးဌာန	၁
(ဎ)	ရှေ့နေချုပ်ရုံး	၁
(ဏ)	စာရင်းစစ်ချုပ်ရုံး	၁
	စုစုပေါင်း	**၇၆**

၂။ **အဆိုပြုလွှာပုံစံရောင်းချမည့်နေ့ရက်နှင့်နေရာ** - ၂၁-၁-၂၀၁၁ရက်မှစ၍ ရုံးချိန်အတွင်း စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂) နေပြည်တော်။

၃။ **အဆိုပြုလွှာတင်သွင်းရမည့်နေရာ** - စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်။

၄။ **အဆိုပြုလွှာတင်သွင်းရမည့်နေ့ရက်နှင့်အချိန်** - ၂၈-၁-၂၀၁၁ရက် ၉း၀၀နာရီမှ ၁၆း၀၀နာရီအထိ

၅။ စပေါ်ငွေ (PO Cheque) ပေးသွင်းရန်ကိစ္စနှင့်စပ်လျဉ်း၍ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၄၀၆၃၄၀၊ ၄၀၆၀၆၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး
ရုံးအမှတ်(၃၂)၊ နေပြည်တော်။

ပုဂ္ဂလိကပိုင်ပြုလုပ်မည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများ

စဉ်	အကြောင်းအရာ	မြေဧရိယာ (ဧက)	မှတ်ချက်
	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန(၁)ခု		
၁	အမှတ်(၂) ပျဉ်းမနားသကြားစက်ရုံ ပျဉ်းမနားမြို့နယ်၊ သနပ်ပင်ဆိပ်ကျေးရွာ	၈၉. ၆၇	
	အမှတ်(၁)စက်မှုဝန်ကြီးဌာန(၂၁)ခု		
၂	ချည်မျှင်နှင့်အထည်နည်းပညာဖွံ့ဖြိုးရေးဌာန(DCTT)၏ မြေနှင့်အဆောက်အအုံ အမှတ် ၆၅၁၊ ဒေါ်မြနှစ်လမ်း၊ အုတ်ကျင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၈၉၆	
၃	သဃ်ာန်းကျွန်းအထည်စက်ရုံအမှတ်(၁၅)နှင့် ဆက်စပ်မြေကွက်၏ မြေနှင့်အဆောက်အအုံ အမှတ် ၂၀၊ ဦးဘဟန်လမ်း၊ ဗိုလ်ကုံညွန့်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၄၃၈	
၄	ဖိနပ်စက်ရုံအမှတ်(၁) စက်ရုံခွဲ(လှိုင်) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) အမှတ် ၂၀၄၊ ဓမ္မသုခကျောင်းလမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂. ၇၅၆	
၅	ကျိုက္ကဆံဘီစကွတ်စက်ရုံခွဲ(၂)ဟောင်း၏ မြေနှင့်အဆောက်အအုံ အမှတ်(ဃ/၁၅၆)၊ လေးထောင့်ကန်လမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၁၇၈	
၆	ရန်ကုန်ပုလင်းသွင်းစက်ရုံခွဲပိုင်မြေ(၁)ဧကနှင့် အဆောက်အအုံ [(ပေ ၈၀×ပေ ၄၀)စီရှိ သိုလှောင်ရုံ(၂)လုံး] အမှတ် ၅၂၃၊ ဓမ္မသုခကျောင်းလမ်း၊ (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁. ၀၀	
၇	မျက်နှာသုတ်ပဝါစက်ရုံအမှတ်(၂၃)ပိုင်မြေနှင့် အဆောက်အအုံ အမှတ် ၈၃၄၊ သုမင်္ဂလာလမ်း၊ (၇)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး	၀. ၂၂၀	
၈	ကျိုက္ကဆံဘီစကွတ်စက်ရုံခွဲ(၁)(ဟောင်း)၏ မြေနှင့်အဆောက်အအုံ အမှတ်၁၅၊ လေးထောင့်ကန်လမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁. ၀၈၄	
၉	အမှတ် ၇၄၊ ဗိုလ်ရွဲလမ်း၊ လသာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဘယ်ဘက်မြေညီထပ်အခန်း)	-	
၁၀	ဆပ်ပြာစက်ရုံအမှတ်(၃) ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၂. ၉၀၃၂	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၁၁	ဝင်းသူဇာစားသောက်ကုန်လုပ်ငန်းစက်ရုံခွဲ(လှိုင်) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) (၁၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁. ၂၈၀	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၁၂	သားရေပစ္စည်းစက်ရုံ (၆)မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂. ၇၅၄	မိမိကြိုက်နှစ်သက်ရာ လုပ်ငန်းကို လုပ်ကိုင်နိုင်သည်။
၁၃	ကျောက်ပြားစက်ရုံခွဲ (ကျောက်ဆည်) မုန့်ပေါင်းကျေးရွာအနီး၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၁၄. ၅၀	
၁၄	ကြွေထည်ပစ္စည်းစက်ရုံ(မော်လမြိုင်) ကျောက်တန်းလမ်း၊ မုပွန်ရပ်ကွက်၊ မော်လမြိုင်မြို့	၁၂. ၆၉၅	
၁၅	ဆပ်ပြာစက်ရုံအမှတ်(၂)စက်ရုံခွဲ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) အမှတ် ၁၁၅၊ လွတ်လပ်ရေးလမ်း၊ ဝေဘူလရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂. ၃၁၆	
၁၆	ဆီသန့်စက်ရုံ အမှတ် ၁၆၊ ကျိုက်ဝိုင်းဘုရားလမ်း၊ (၃)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၄. ၉၉	
၁၇	မတ္တရာအုတ်စက်ရုံအမှတ်(၃) မန္တလေး-မိုးကုတ်လမ်း၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၁၃၃. ၉၅	
၁၈	အင်းစိန်စောင်စက်ရုံအမှတ်(၂၀) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁၅. ၇၁၁	
၁၉	ကုန်ထုတ်စက္ကူစက်ရုံ (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) စဥ့်ငူရပ်ကွက်၊ အောင်ဆန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂. ၅၅	
၂၀	ပြည်မြစန္ဒာအချိုရည်နှင့်ရေခဲစက်ရုံ အမှတ်(၁၈၁)၊ စစ်ကဲလမ်း၊ ဆံတော်ရပ်ကွက်၊ ပြည်မြို့	၁. ၆၁၀	
၂၁	မီးခြစ်စက်ရုံ (မန္တလေး) (စက်ကိရိယာမပါ၊ မြေနှင့်အဆောက်အအုံသာ) မင်းတဲအီကင်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၅. ၇၉၀၁	
၂၂	အထည်စက်ရုံ၊ ရုံခွဲ(၄) အမှတ်(၃၁၅/၆၆၁)၊ မေခါဝီလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂. ၁၀၃	
	အမှတ်(၂)စက်မှုဝန်ကြီးဌာန(၇)ခု		
၂၃	အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃) သိုလှောင်ရုံ(၁)လုံးနှင့် ရုံးအဆောက်အအုံ အမှတ် ၁၉၇၊ ဝေဘူလရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁. ၄၁၃	
၂၄	လျှပ်စစ်နှင့် အီလက်ထရွန်နစ်ပစ္စည်း ထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ ခာတ်ခဲထုတ်လုပ်မှုအလုပ်ရုံ (၂၃)ရပ်ကွက်၊မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုနယ်မြေ(၁)၊ ရန်ကုန်တိုင်းဒေသကြီး	၁. ၉၄၁	
၂၅	အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၂) ရန်ကုန်-အင်းစိန်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၃. ၉၈	
၂၆	အမှတ်(၂)စက်နှင့် စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃)၊ ကုန်ထုတ်ဌာနခွဲ(၂) (ဃ)ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၇၃၈	
၂၇	ခာတ်ခဲထုတ်လုပ်မှုအလုပ်ရုံ(မလွန်) (စက်နှင့်စက်ကိရိယာပစ္စည်းသာ) မင်းလှမြို့နယ်၊ မကွေးတိုင်းဒေသကြီး	-	
၂၈	လျှပ်စစ်နှင့်အီလက်ထရွန်နစ်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(ဒဂုံ)၊ ရေနံခာတ်ငွေ့ရည်အိုးခွံထုတ်လုပ်မှုအလုပ်ရုံ (၂၃)ရပ်ကွက်၊ မိုးကုတ်လမ်း၊ တောင်ဒဂုံစက်မှုနယ်မြေ(၁)၊ ရန်ကုန်တိုင်းဒေသကြီး	၁. ၂၂၄	
၂၉	အမှတ်(၂)စက်နှင့်စက်ကိရိယာပစ္စည်းထုတ်လုပ်မှု စက်ရုံ(ရန်ကုန်)၊ အလုပ်ရုံ(၃)၊ ပင်မစက်ရုံ စဥ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂. ၉၁	
	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(၈)ခု		
၃၀	ပုသိမ်မြို့၊ ဝဲဒေါင့်ရပ်၊ ဘတ္တလာဝင်းအတွင်းရှိ မြေကွက်နှင့်သိုလှောင်ရုံ(၃)လုံး	၄. ၈၆၁	
၃၁	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်းရပ်၊ မြေတိုင်းအမှတ် (၅-စီ)၊မြေကွက်အမှတ်(၂၁-ဘီ)ရှိ မြေနှင့်အဆောက်အအုံ	၁. ၄၃၀	
၃၂	ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ ပန်းတိမ်တန်းလမ်း အမှတ် ၅၅ရှိ(ပဆ-၁၄/၅၀၅၆)ဆိုင်ခန်း	-	
၃၃	ဆန်စက်အမှတ် ၅၅၄၊ အိမ်မဲမြို့၊ ဧရာဝတီတိုင်းဒေသကြီး	၄. ၆၉	
၃၄	ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ (၉)ရပ်ကွက်၊ မြေ(၂.၂၃)ဧကနှင့်၎င်းမြေပေါ်ရှိ သိုလှောင်ရုံ(၃)လုံး	၂. ၂၃	
၃၅	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ တံတားမြို့၊ မြေ(၁.၅၂)ဧကနှင့် ၎င်းမြေပေါ်ရှိ သိုလှောင်ရုံ(၃)လုံး	၁. ၅၂	
၃၆	ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ (၁၂)ရပ်ကွက်၊ မြေ(၁.၆၅၅)ဧကနှင့် ၎င်းမြေပေါ်ရှိ သိုလှောင်ရုံ(၁)လုံး(မြေစိုက်-၃)	၁. ၆၅၅	
၃၇	ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့၊ ဥယျာဉ်လမ်း၊ မြေ(၀.၇၀)ဧကရှိ သိုလှောင်ရုံ(၂)လုံး	၀. ၇၀	
	မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန(၈)ခု		
၃၈	အမှတ်(၄) ရေခဲစက်ရုံ(ရုံးအဆောက်အအုံ၊ သိုလှောင်ရုံ) (မြေနှင့်အဆောက်အအုံ) အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၁၁၆	
၃၉	အမှတ်(၆) အအေးခန်းနှင့်ရေခဲစက်ရုံ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁. ၁၄၉	
၄၀	အမှတ်(၇) အအေးခန်းနှင့်ရေခဲစက်ရုံ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၅၀၂	
၄၁	ရခိုင်ပြည်နယ်၊ သံတွဲမြို့၊ လုံးသာကျေးရွာရှိ လုံးသာအဆောက်အအုံ	၂. ၁၅	
၄၂	သာကေတစည်သွတ်စက်ရုံ အမှတ် ၈၂၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၄. ၇၀	
၄၃	ငါးခြောက်စက်ရုံ အမှတ် ၈၂၊ မြမာလာလမ်း၊ စက်မှုဇုန်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁. ၅၁	
၄၄	ညောင်ရွှေအအေးခန်းရေခဲစက်ရုံ၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ်	၃. ၄၅	
၄၅	ရခိုင်ပြည်နယ်၊ သံတွဲမြို့ရှိ သဗြုချိုင်အအေးခန်းနှင့်ရေခဲစက်ရုံ၊ ဆိပ်ခံဖောတံတား	၂၁. ၇၃	
	သမဝါယမဝန်ကြီးဌာန(၂)ခု		
၄၆	ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ကုန်ဈေးတန်းလမ်း၊ အမှတ် ၈၀ မြေညီထပ်အခန်း (ပဆ-၄၁၄၂/၄၁၉၂) (၂၅ပေ ×ပေ၆၀)	-	
၄၇	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၃၇၀ မြေညီထပ်အခန်း (ယာဘက်ခြမ်း)(ပဆ-၉၈၉၀)(၂၈ပေ×၅၅ပေ×၁၇ပေ)	-	
	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန(၉)ခု		
၄၈	အရက်ဖြူဆိုင်အမှတ်(၁)၊ ပဲခူးလုပ်ငန်းခွဲ အမှတ် ၈၀၊ လမ်း၂၀၊ ဈေးပိုင်းရပ်၊ ပဲခူးတိုင်းဒေသကြီး	၀. ၀၃၄	
၄၉	မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ၂၇လမ်း၊ (၈၃×၈၄)လမ်းကြား၊ အကွက်အမှတ် ၅၉၈၊ အမှတ် ၂၅၇ရှိ မြေညီထပ်အခန်း(ပဆ-၉၈၇၅/၉၈၇၇)	-	
၅၀	အရက်ဖြူဆိုင်အမှတ်(၉)၊ ရန်ကုန်လုပ်ငန်းခွဲ အမှတ် ၂၀၀၊ ပါရမီလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၀၇၂	
၅၁	အမှတ် ၅၉၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ မော်လမြိုင်မြို့ရှိ (၃)ထပ်တိုက်၏ မြေညီထပ်အခန်း (ပဆ-၁၁၉၃)	-	
၅၂	ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ မင်းနန္ဒာလမ်း၊ အမှတ်(၉၅/၉၆)(ပေ ၅၀× ပေ ၅၀) မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ အဆောက်အအုံ	၂၅၀၀ စ/ပေ	
၅၃	အရက်ဖြူဆိုင်အမှတ်(၁၁) အမှတ် ၁၂၄၊ ဝေဇယန္တာလမ်း၊ အမှတ်(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၏ အဆောက်အအုံနှင့်မြေနေရာ	၀. ၀၆၄	
၅၄	အရက်ဖြူဆိုင်အမှတ်(၁၀) မေတ္တာလမ်းနှင့်ဝေဇယန္တာလမ်းထောင့်၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂၉၄၀ စ/ပေ (၄၉ပေ×ပေ၆၀)	
၅၅	အင်းလေးခေါင်တိုင်ဟိုတယ်(အင်းလေးရေပူစမ်းမပါ) ခေါင်တိုင်ကျေးရွာအုပ်စု၊ အင်းလေးကန်အနောက်ဘက်၊ ညောင်ရွှေမြို့နယ်	၃၀. ၉၃	
၅၆	Yangon Commercial Tower အမှတ်(၇၃/၇၅)၊ ဆူးလေဘုရားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၀၆၉	
	ပြန်ကြားရေးဝန်ကြီးဌာန(၁၀)ခု		
၅၇	ရွှေရတနာရုပ်ရှင်ရုံ အမှတ်(၂၂၀/၁)၊အနော်ရထာလမ်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) ရန်ကုန်တိုင်းဒေသကြီး	၄. ၃၄၆	
၅၈	ဝဇီရာ(၂)ရုပ်ရှင်ရုံ အမှတ် ၂၃၂၊ ညောင်တုန်းလမ်း၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၂. ၉၈၄	
၅၉	သီတာရုပ်ရှင်ရုံ အမှတ် ၁၇၅၊ အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၂၄၃	
၆၀	ဆုထူးပန်ရုပ်ရှင်ရုံ အမှတ် ၃၀၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၁၇၉	
၆၁	ဘုရင့်ရုပ်ရှင်ရုံ အမှတ် ၃၂၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၁၉၅	
၆၂	ဧရာဝတီရုပ်ရှင်ရုံ အမှတ်(၂၈-က)၊ လေးထောင့်ကန်လမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၀. ၂၁၆	
၆၃	မစိုးရိမ်ရုပ်ရှင်ရုံ လမ်း ၈၀၊ (၂၆×၂၇)လမ်းကြား၊ ဟေမာဇလရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး	၀. ၈၄၉	
၆၄	ပဒေသာရုပ်ရှင်ရုံ အမှတ် ၁၆၇၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်းဒေသကြီး	၁. ၄၈၅	
၆၅	မြို့မရုပ်ရှင်ရုံ ကောလင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	၀. ၃၉၈	
၆၆	ဓေယျာသီရိရုပ်ရှင်ရုံ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး	၀. ၇၄၄	
	အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန(၃)ခု		
၆၇	ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်မြို့၊ လမ်းမတော်လမ်း၊ အမှတ် ၈၀၊ ပြည်သူပိုင်သိမ်းအခန်း (ပဆ-၁၄/၅၀၂၇)	-	
၆၈	ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၇၂/၇၄)ရှိ မော်တော်ယာဉ်သိုလှောင်ရုံ၏ မြေ(၀.၁၃၄)ဧကနှင့် သိုလှောင်ရုံအဆောက်အအုံ	၀. ၁၃၄	
၆၉	မိတ္ထီလာမြို့၊ ဈေးအရှေ့ပတ်လမ်းပေါ်ရှိ မြေညီထပ်အလယ်ရှိအခန်းလေးခန်း (ပဆ-၉၉၇၅) (၄၂ပေ ×၃၃ပေ ×၁၆ပေ)	-	
	ရထားပို့ဆောင်ရေးဝန်ကြီးဌာန(၁)ခု		
၇၀	အမှတ်(၃၈၉/၃၉၁)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်တိုင်းဒေသကြီးရှိ ကြူလီယာဗလီဥပစာအဆောက်အအုံ (၆၀×၂၈×၁၈)ပေ (မြေမပါ)	-	
	စွမ်းအင်ဝန်ကြီးဌာန(၁)ခု		
၇၁	တာချီလိတ်မြို့၊ ဗိုလ်ချုပ်လမ်းနှင့် ပါလျံလမ်းထောင့်၊ ဗိုလ်တဲကုန်းရပ်၊ ဝမ်းကောင်းအုပ်စု၊ အကွက်အမှတ်(၆)ရှိ မြေနှင့်အဆောက်အအုံ	၀. ၆၁၉	
	ဆောက်လုပ်ရေးဝန်ကြီးဌာန(၂)ခု		
၇၂	အမှတ်(၁၆/ဘီ)၊ သုခဝတီလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ မြေနှင့်အဆောက်အအုံ	၁. ၉၄၈	
၇၃	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ် ၄၁၆ရှိ ပြည်သူ့အင်အားရုံးအဆောက်အအုံဟောင်း	၂၁၁၀၀ စ/ပေ	
	ပြည်ထဲရေးဝန်ကြီးဌာန(၁)ခု		
၇၄	အမှတ်(၁)၊ အင်းလျားလမ်းနှင့်ဥယျာဉ်လမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး	၁. ၄၆၅	
	ရှေ့နေချုပ်ရုံး(၁)ခု		
၇၅	ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၄၇၃/၄၇၅)၊ (ပဆ-၉၄၈၉) (ပေ၆၀ ×၁၈ပေ) မြေညီထပ်အခန်း	-	
	စာရင်းစစ်ချုပ်ရုံး(၁)ခု		
၇၆	ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တံတားမြို့နယ်၊ဘဏ်လမ်း။ အမှတ် ၅၀ရှိ ဒုတိယထပ်ဝဲဘက်ခြမ်းအခန်း(၁)ခန်း၊ (၃၇ပေ ×ပေ၄၀ ×၁၅ပေ)	-	

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
နေပြည်တော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့ ဦးစီးဌာနတို့ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ၊ ကျောင်းသားများအတွက် စာမေးပွဲ အထောက်အကူပြု သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ
သိမှတ်ဖွယ်ရာ ဇီဝဗေဒဘာသာ

အခုပို့ချမယ့် သင်ခန်းစာကတော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြတဲ့အခါ အထောက်အကူပြု လမ်းညွှန်သွားပေးမယ့် သင်ခန်းစာပဲဖြစ်ပါတယ်။ ပထမဆုံးပြောလိုတာကတော့ ၂၀၀၈-၀၉ စာသင်နှစ်ကစလို့ Grade 11 Biology ဖတ်စာအုပ်အသစ်ရဲ့ အချို့အခန်းတွေမှာ စာအပြောင်းအလဲ အနည်းငယ်ရှိတာကို ယခုစာသင်နှစ်မှာ ဇီဝဗေဒဘာသာရပ်ကို ဆက်လက်ယူကြတဲ့ ကျောင်းသား၊ ကျောင်းသူများနဲ့ အပြင်ဖြေ ကျောင်းသား၊ ကျောင်းသူများကို သိစေချင်ပါတယ်။

ဇီဝဗေဒဘာသာရပ် သင်ကြားနေကြတဲ့ ကျောင်းသား၊ ကျောင်းသူများ အဓိကသဘောပေါက် နားလည်ထားရမှာကတော့ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ Chapter I to XII မှာပါရှိတဲ့ အကြောင်းအရာအားလုံးကို ကျေညက်အောင် သိရှိတတ်မြောက်ထားဖို့ အရေးကြီးဆုံးဖြစ်ပါတယ်။ အဲဒီလို လေ့လာကျက်မှတ်ထားခြင်းအားဖြင့် မေးခွန်းအားလုံးကို ပိုင်ပိုင်နိုင်နိုင်ဖြေဆိုနိုင်မှာ ဖြစ်ပါတယ်။

တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများကို အကြံပြုလိုတာကတော့-

၁။ ဇီဝဗေဒဘာသာရပ်ကို Grade 11 Biologyပါ သင်ခန်းစာအားလုံးကို အခန်းတိုင်း ကျေညက်စွာနားလည်အောင် လေ့လာကျက်မှတ်ရန်။

၂။ Chapter တစ်ခုစီမှာပါတဲ့ သက်ဆိုင်ရာ ဝေါဟာရ (Terminology)များကို စာလုံးပေါင်းနှင့်တကွ သေချာစွာ ကျက်မှတ်ထားရန်။

၃။ သရုပ်ဖော်ပုံများနှင့် ဇယားများကိုလည်း နားလည်သဘောပေါက်ရန်နှင့် စာကျက်တဲ့အခါ ရေးသားကျက်မှတ်ကြရန်ဆိုတဲ့ အဓိကသုံးချက်ပဲ ဖြစ်ပါတယ်။

ကိုယ်ကျက်မှတ်ထားတဲ့ စာတွေဘယ်လောက်ရပြီလဲဆိုတာ ခန့်မှန်းနိုင်ဖို့အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် မေးခွန်းဟောင်းများကိုလေ့လာပြီး ဖြေဆိုကြည့်ကြဖို့ လိုပါတယ်။ မေးခွန်းဟောင်းများကို ဖြေဆိုကြည့်မှ မေးခွန်းရဲ့ သဘောကိုနားလည်ကြမှာပါ။ မေးခွန်းဟောင်းများထဲက မေးခွန်းများဟာ တိုက်ရိုက်ပါတာနည်းပြီး တွေးတော ဖြေဆိုရမယ့် မေးခွန်းတွေ ပိုများတယ်ဆိုတာ သဘောပေါက်နားလည်ကြစေလို၍ ဖြစ်ပါတယ်။ ပြဌာန်းစာအုပ်ထဲက စာတွေအားလုံး အလွတ်ရနေပေမယ့်လည်း မေးခွန်းအသွားအလာကို နားမလည်ဘူးဆိုရင် ဘယ်လိုဖြေရမယ်ဆိုတာ နားလည်မှာ မဟုတ်ပါဘူး။

မေးခွန်းဟောင်းပုံစံကို လေ့လာကြမယ်ဆိုရင်-

1. True / False
2. Completion
3. Short Questions (2 Marks each)
4. Short Questions (4 Marks each)
5. Long Questions (8 Marks each) စသည်တို့ဖြင့် သတ်မှတ်ထားတယ်။

မေးခွန်းတစ်ခုစီမှာ သတ်မှတ်ထားတဲ့ အမှတ်အနေနဲ့ကြည့်မယ်ဆိုရင်-

No. 1 True / False အမျိုးအစားမှာ (20) Statements (1) mark for each statement (Total 20 marks)

No. 2 Completion အမျိုးအစားမှာ (20) Statements (1) mark for each statement (Total 20 marks)

No. 3 Short Questions (2 Marks for each) – a to f (6) ပုဒ် ပေးထားပြီး Answer All question လို့ ဖော်ပြထားတာကြောင့် (6)ပုဒ်စလုံး ဖြေဆိုရမယ်။ (စုစုပေါင်း 12 marks)

No. 4 Short Questions (4 Marks for each) – a to e (5) ပုဒ်ပေးထားတယ်။ Answer ANY FOUR Question လို့ဖော်ပြထားတယ်။ တစ်နည်းအားဖြင့် (5)ပုဒ် ပေးထားတဲ့အနက် (4)ပုဒ် ဖြေဆိုရမယ်- (စုစုပေါင်း 16 marks)

No. 5 Long Questions (8 Marks for each) - a to f (6) ပုဒ် ပေးထားတယ်။ ဒီ No. 5 မှာလည်း Answer ANY FOUR Questions လို့ ဖော်ပြထားတာကြောင့် မိမိကြိုက်နှစ်သက်ရာ (4) ပုဒ်ပဲ ဖြေဆိုဖို့ လိုအပ်တယ်။ (စုစုပေါင်း 32 marks)

မေးခွန်းနံပါတ် 1 and 2 ကတော့ လုံးဝရွေးချယ်ပိုင်ခွင့် မရှိဘူး။ No. 3 ကတော့ အားလုံးဖြေဆိုရမယ်ဆိုပေမယ့် သို့မဟုတ် (OR) ခံထားတဲ့ အမျိုးအစားတွေပါတော့ရွေးဖို့ အခွင့်အရေးရှိတယ်လို့ ပြောနိုင်သေးတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းနံပါတ် 4 နဲ့ 5 မှာလည်း (OR) ခံထားတဲ့ မေးခွန်းမျိုးတွေပါသေးတာကြောင့် ရွေးချယ်နိုင်တဲ့ အခွင့်အရေးတွေ ပိုမိုပြီးရှိတယ်။ သင်ရိုးကုန်ကျေညက်အောင် ကျက်ထားတဲ့သူများ အဖို့တော့ အမှတ်ပြည့်ထက်ပိုတဲ့ ရွေးစရာတွေရှိပါတယ်။ Chapter ရွေးကျက်တဲ့သူများအဖို့တော့ True / False, Completion နဲ့ Answer All ဆိုတဲ့ မေးခွန်းတွေကို အားလုံးဖြေနိုင်မှာမဟုတ်ဘဲ မေးခွန်းနံပါတ် 4 နဲ့ 5 ကိုလည်း တော်တော်ကံကောင်းပြီး ကျက်ထားတာတိုးမှ ဖြေနိုင်မှာပါ။

အောင်မြင်ပြီး ဂုဏ်ထူးထွက်တဲ့ ကျောင်းသား၊ ကျောင်းသူများဟာ သင်ရိုးကုန်ကို သဘောပေါက် နားလည်အောင်ကျေညက်စွာ ကျက်ထားသူများဖြစ်ပြီး ရိုးရိုးအောင်မြင်သူများကတော့ Chapter (12)ခု လုံးကို စေ့စပ်စွာ ခြုံငုံမှုမရှိ၊ ကျရှုံးသူများကတော့ Chapter (12)ခုမှာ မိမိအတွက် လွယ်ကူတဲ့ Chapter များကိုသာ ကျက်မှတ်ဖြေဆိုကြတယ်လို့ ပေါ်လွင်ပါတယ်။

Biology မေးခွန်းဟောင်းများကို လေ့လာပြီး မေးခွန်းမှာ Biology ဖတ်စာအုပ်ပါ Chapter (12)ခုမှ အကြောင်းအရာများကို ဘယ်လို ခွဲဝေမေးထားတယ်ဆိုတာ လေ့လာကြည့်မယ်ဆိုရင် True / False Statements များကို Chapter (၁၂)ခုလုံးမှ ပါဝင်အောင် ကောက်နုတ်ထားပါတယ်။ Statement များကို Chapter III, VII, X နှင့် XII မှ အပကျန် Chapter များမှ (၂) Statementsစီ ကောက်နုတ်ထားပါတယ်။ တစ်နည်းအားဖြင့် Chapter (8)ခု မှ 2 Statements စီ (2 × 8 = 16), Chapter (4) ခုမှ 1 Statement စီ (1 × 4 = 4)၊ စုစုပေါင်း (20 marks) အနေနဲ့ Chapter အားလုံးခြုံငုံမိအောင် ကောက်နုတ်မေးထားတာ တွေ့ကြပါလိမ့်မယ်။

မေးခွန်းအမှတ် (1) True / False Statements များကို ဖြေဆိုဖို့ Statement ဟာ မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကိုက်ညီရင် True ဖြစ်ပြီး မိမိသိရှိထားတဲ့ အကြောင်းအရာနဲ့ ကွဲလွဲမှုရှိရင် False ဖြစ်တယ်။ ကောက်နုတ်ထားတဲ့ Statement များအနေနဲ့ ဖတ်စာအုပ်မှ တိုက်ရိုက် ကောက်နုတ်ထားတာ ရှိသလို ကိုယ်ပိုင်ဝါကျ တည်ဆောက်ပြီး ပေးထားတဲ့ Statement များလည်းရှိတာ တွေ့ရှိကြပါလိမ့်မယ်။ ပေးထားတဲ့ True / False Statement များကို သေသေချာချာ နားလည်အောင်ဖတ်ပါ။ True / False ဖော်ပြချက်တွေမှာ နားလည်သဘောပေါက်မှုကို ဦးစားပေးထားတာက ပထမဖြစ်ပါတယ်။ အဲဒီအပေါ်မှာ အခြေခံပြီး ဝေါဟာရကြွယ်ဝမှုနဲ့ အင်္ဂလိပ်စာကျွမ်းကျင်မှုတို့ကိုလည်း ထည့်သွင်းထားပါတယ်။ မဖြေနိုင်လို့ Statement များကို False လို့ အားလုံး (သို့မဟုတ်) True လို့ အားလုံး ရေးသားဖြေဆိုခဲ့ရင်တော့ မိမိဖြေဆိုတဲ့ အထဲကရသင့်တဲ့အမှတ် ရသွားနိုင်လိမ့်မယ်လို့ ကျောင်းသူ၊ ကျောင်းသားများ ထင်မှတ်ကြရင်တော့ အရမ်းမှားပါလိမ့်မယ်။ အဖြေလွှာစစ်ဆေးသူများအနေနဲ့ အရင်ဆုံး ကောက်ချက်ချမှာကတော့ ဒီကျောင်းသူ၊ ကျောင်းသားများဟာ ကျန်မေးခွန်းများကိုလည်း တိကျစွာ ဖြေဆိုနိုင်ကြမှာ မဟုတ်ဘူးဆိုတာ ဖြစ်ပါလိမ့်မယ်။ ဒီ့အပြင် အမှတ်ပေးစည်းမျဉ်းအရ ထိန်းချုပ်မှု ရှိပါတယ်။ Grade 11 Biology ဖတ်စာအုပ်မှာပါတဲ့ စာလုံးထူအမည်း (Bold) နဲ့ ဖော်ပြထားတဲ့ စကားလုံးတွေကို သေသေချာချာ လေ့လာစေချင်ပါတယ်။

မေးခွန်းအမှတ် (2) Completion အမျိုးအစားမှာ ပါဝင်တဲ့ Statement များကို No. 1 True / False Statements များ Text ထဲမှာပါတဲ့ Chapter (12)ခုလုံးမှ ကောက်နုတ်ခွဲဝေမေးထားပါတယ်။ Completion Statement များအတွက်ကတော့ ကွက်လပ်ချန်ထားခဲ့တဲ့နေရာမှာ မှန်ကန်တဲ့ Word ကို Spelling မှန်မှန်နဲ့ ဖြေဆိုပေးရမှာ ဖြစ်ပါတယ်။ ဒါကြောင့် Spelling များကိုလည်း သတိထားပြီး ရေးသားကျက်မှတ်ကြရပါလိမ့်မယ်။ ရေးသားကျက်မှတ်တတ်တဲ့ အလေ့အထဟာ ကျက်ထားသမျှကို မှတ်မိစေနိုင်တဲ့ နည်းလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။

True / False ရွေးချယ်မှုနဲ့ Completion အမျိုးအစားမှာပါတဲ့ Statement တိုင်းဟာ Chapter တိုင်းက ပါတတ်တာဖြစ်လို့ (၃)ခန်းလောက် လွှတ်ပြီး ကျက်လိုက်တာနဲ့ (၁၀)မှတ်ကနေ (၁၂)မှတ်အထိ နစ်နာသွားနိုင်ပါတယ်။

မေးခွန်းအမှတ် 3 မှာ ANSWER ALL QUESTIONS ဆိုပြီး a to f (6)ပုဒ် မေးထားတယ်၊ (OR) ခံထားတဲ့ မေးခွန်းမျိုးများပါတော့ ကျောင်းသား၊ ကျောင်းသူများမှာ ရွေးချယ်ပိုင်ခွင့် ရှိသေးတယ်။ Chapter အလိုက် မေးခွန်းခွဲဝေမှုကတော့

မေးခွန်းအမှတ် 3 (2 Marks) အနေနဲ့

a.	Chapter	I to IV	မှ	(1) ပုဒ်	
b.	Chapter	V	မှ	(1) ပုဒ်	
c.	Chapter	VI	မှ	(1) ပုဒ်	
d.	Chapter	VII	မှ	(1) ပုဒ်	**OR**
	Chapter	VIII	မှ	(1) ပုဒ်	
e.	Chapter	IX	မှ	(1) ပုဒ်	**OR**
	Chapter	X	မှ	(1) ပုဒ်	
f.	Chapter	XI	မှ	(1) ပုဒ်	**OR**
	Chapter	XII	မှ	(1) ပုဒ်	

Grade 11 Biology ဖတ်စာအုပ်မှာ Chapter I – IV ပါ အကြောင်းအရာများဟာ အပင်များရဲ့ အခြေခံအကြောင်းအရာများပဲ ဖြစ်ပါတယ်။ ဒါကြောင့်မေးခွန်းအမှတ် 3 မှာ အပင်ရဲ့ အခြေခံပိုင်းမှ (၁)ပုဒ် ရွေးချယ်ထားခြင်းဖြစ်တယ်။

Chapter V မှာတော့ - နို့တိုက်သတ္တဝါ (Mammal) များအကြောင်းကို အခြေခံရစေဖို့

- Mammals အုပ်စုများ
- Mammals များရဲ့ General Characteristics များနဲ့
- The Rabbit ကို ပုံစံပြု သတ္တဝါအနေနဲ့ Organ Systems များနဲ့ ပြည့်စုံစွာ ဖော်ပြထားတာတွေ့ရှိကြပါလိမ့်မယ်။ သတ္တဝါအခြေခံပိုင်း အခြေခံ (၁)ပုဒ် No. 3 Question အမျိုးအစားမှာ မေးထားတယ်။

Chapter VI to XII ပါ အကြောင်းအရာများကတော့ အပင်နဲ့သတ္တဝါတွေရဲ့ အသက်ရှင်လုပ်ရပ်များ Life processes များကို အခြေပြု ပူးတွဲဖော်ပြထားပါတယ်။

Chapter XI မှာ မျိုးရိုးဆက်ခံပုံကို ဖော်ပြထားတယ်။ ဒီ Chapter XI မှာလည်း မျိုးရိုးဆက်ခံခြင်းကို ဖြစ်ပေါ်စေတဲ့ Genes များအကြောင်းကို နားလည်ထားမယ်ဆိုရင် Genetics မျိုးရိုးဆက်ခံခြင်းကို သဘောပေါက်နားလည်သွားနိုင်ပါတယ်။ Homozygous Genotype နဲ့ Heterozygous Genotype တို့မှ Gametes များ ထွက်ပေါ်လာပုံ အခြေခံကို နားလည်ထားစေချင်ပါတယ်။

မေးခွန်းအမှတ် 4 (4) marks each မေးခွန်းကို Answer ANY FOUR Questions အနေနဲ့ a to e (၅)ပုဒ် ပေးထားတာ မေးခွန်းဟောင်းများ လေ့လာရင် တွေ့ရှိကြပါလိမ့်မယ်။ Chapter များအရ မေးထားတဲ့ မေးခွန်းခွဲဝေမှုကတော့ -

မေးခွန်းအမှတ် 4 (4) marks အနေနဲ့

a.	Chapter	I-IV	မှ	(1) ပုဒ်	
b.	Chapter	V	မှ	(1) ပုဒ်	
c.	Chapter	VI	မှ	(1) ပုဒ်	OR
	Chapter	VII	မှ	(1) ပုဒ်	
d.	Chapter	VIII	မှ	(1) ပုဒ်	OR
	Chapter	IX	မှ	(1) ပုဒ်	
e.	Chapter	X	မှ	(1) ပုဒ်	OR
	Chapter	XI	မှ	(1) ပုဒ်	OR
	Chapter	XII	မှ	(1) ပုဒ်	

Chapter များထဲမှ အခြေခံအပိုင်းကို ရွေးချယ်မှု မပေးထားပေမယ့်ကျန် Chapter များအတွက် ရွေးချယ်မှု ပေးထားပါတယ်။

မေးခွန်းအမှတ် 5 Long Question (8 marks each) သတ်မှတ်ထားတဲ့ အမျိုးအစား Answer ANY FOUR Question ဖော်ပြထားပြီး a to f (၆) ပုဒ် ပေးထားတယ်။ Chapter VII နဲ့ သူ့ရဲ့နောက်ပိုင်း အခန်းတွေရဲ့ မေးခွန်းတွေမှာ OR ခံထားတော့ ရွေးချယ်ပိုင်ခွင့်တွေ တော်တော်များများ ရှိပါတယ်။

မေးခွန်းအမှတ် 5 မှာ Biology Text Book ပါအကြောင်းအရာများကို ခွဲဝေပေးထားပုံကတော့

a.	Chapter	I-IV	မှ (၁) ပုဒ်
b.	Chapter	V	မှ (၁) ပုဒ်
c.	Chapter	VI	မှ (၁) ပုဒ်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

စာမျက်နှာ ၁၅ မှအဆက်

d.	Chapter	VII	မှ (၁) ပုဒ် **(OR)**
	Chapter	VIII	မှ (၁) ပုဒ်
e.	Chapter	IX	မှ (၁) ပုဒ် **(OR)**
	Chapter	X	မှ (၁) ပုဒ်
f.	Chapter	XI	မှ (၁) ပုဒ် **(OR)**
	Chapter	XII	မှ (၁) ပုဒ်

ဒါတွေကိုကြည့်ခြင်းအားဖြင့် သင်ရိုးကုန်ကျက်မှတ်ထားတဲ့ ကျောင်းသား၊ ကျောင်းသူများအတွက် မိမိဖြေချင်တာကို ရွေးချယ်နိုင်တဲ့ အခွင့်အလမ်း ပိုများတာတွေ့ရပါလိမ့်မယ်။

အခုဆက်လက်ပြီး မေးခွန်းဖြေဆိုတဲ့အခါ ထိရောက်မှုရှိအောင် ဘယ်လိုဖြေဆိုသင့်တယ်ဆိုတာ အကြံပြုသွားပါ့မယ်။

မေးခွန်းအမှတ် 1. True or False and မေးခွန်းအမှတ် 2. Completion မေးခွန်းမျိုးကို ဖြေတဲ့အခါ ပထမဆုံး i. uae x. အထိကို ချရေးပြီးတော့ i. ရဲ့နံဘေးကစပြီး xi. ကနေ xx. ထိ ချရေးလိုက်ပါ။

i.	xi.
ii.	xii.
iii.	xiii.
iv.	xiv.
v.	xv.
vi.	xvi.
vii.	xvii.
viii.	xviii.
ix.	xix.
x.	xx.

ဒီလိုရေးချပြီးမှ Statement များကိုသေချာစွာ ဖတ်ရှုပြီး မိမိအနေနှင့် သေချာသောအဖြေများကို သက်ဆိုင်ရာနံပါတ်နံဘေးတွင် ဖြေဆိုပါ။ မိမိအနေဖြင့် အဖြေကို ဇဝေဇဝါဖြစ်နေခဲ့ရင် ၎င်း Statement ကိုချန်ခဲ့ပြီး အချိန်ဖြုန်းမနေဘဲ အခြားမေးခွန်းများကို ဆက်လက်ဖြေဆိုပါ။ ဒီလိုဖြေဆိုပြီးမှ ချန်ထားခဲ့တဲ့ Statementရဲ့ အဖြေကို ပြန်လည်စဉ်းစားပြီး မှန်ကန်အောင်ဖြေဆိုပါ။

မေးခွန်းအမှတ် 3, 4 နှင့် 5 များမှာ (a, b, c, d, e, f) စသည်တို့ဖြင့် ပေးထားသော မေးခွန်းများ ဖြေဆိုတဲ့အခါ (a, b, c, d, e, f) အထဲမှ မိမိဖြေဆိုနိုင်ဆုံးဟာ (c) ဖြစ်နေခဲ့ရင် (c) ကို အရင်ဆုံး စဖြေပါ။ အဖြေနံပါတ်ကို မှန်ကန်အောင်တော့ အထူးသတိထား တပ်ရန်လိုတယ်။ (c) ဖြေထားပြီး (a) မတပ်ပါနဲ့။ ဒီလိုဘဲ (a) ဖြေထားပြီးရင်လည်း (c) လို့ မတပ်မိဖို့ အရေးကြီးပါတယ်။ ရွေးချယ်ပိုင်ခွင့်ရှိတဲ့ မေးခွန်းမျိုးဆိုရင် မိမိတကယ်တတ်ကျွမ်းတဲ့ မေးခွန်းကိုရွေးချယ်ဖြေဆိုပါ။ မေးခွန်းရွေးမမှားစေဖို့ အထူးသတိပြုကြပါ။

မေးခွန်းတွေမေးထားပုံကို လေ့လာမယ်ဆိုရင် စာချည်းပဲဖြေရမယ့် မေးခွန်းတွေမှာ State / Define / Explain / Describe / Clarify / Name / List / Enumerate နဲ့ Differentiate ဆိုတဲ့ စကားလုံးမျိုးတွေကို သုံးပြီး မေးထားလေ့ရှိပါတယ်။

ပုံပေးထားပြီး အညွှန်းချည်းပဲ သီးသန့်တပ်ခိုင်းတဲ့ မေးခွန်းမျိုးဆိုရင် Provide labels to the given diagram လို့မေးလေ့ရှိပြီး Provide labels to the given diagram and state ---- လို့မေးခဲ့ရင်တော့ ပုံကို label တပ်ပေးရမယ့်အပြင် state ဆိုတာနဲ့ ပတ်သက်ပြီးတော့လည်း ဖော်ပြပေးရမှာ ဖြစ်ပါတယ်။ အညွှန်းတွေကို တပ်တဲ့အခါမှာလည်း ပုံမှာရှိတဲ့ အညွှန်းတပ်ခိုင်းတဲ့ နံပါတ်တွေနဲ့ တပ်ရမယ့် အညွှန်းစာသားတွေ ကိုက်ညီအောင် သတိပြုကြစေချင်ပါတယ်။

Give labelled diagram ဆိုရင်တော့ အညွှန်းပြည့်စုံတဲ့ပုံ ဆွဲပေးရပါမယ်။ and state လို့ ဆက်ပါခဲ့မယ်ဆိုရင်တော့ သက်ဆိုင်ရာ ဖော်ပြခိုင်းတာကို ဆက်လက်ဖြေဆိုရမှာ ဖြစ်ပါတယ်။

နောက်ဆုံးအနေနဲ့ မှာလိုတာကတော့ မတွေဝေပါနဲ့၊ မရှုပ်ပါနဲ့ စာမရလွန်းတဲ့ ကလေးတွေက မှားဖြေတတ်သလို စာရလွန်းတဲ့ကလေးကလည်း ရှုပ်တတ်တယ်။ ဥပမာ Epigyny, Perigyny, Hypogyny နှင့် Hypogeal နဲ့ Epigeal germination မှားတတ်သလို Aerobic နဲ့ Anaerobic Respiration, Lymphocyte နဲ့ Monocyte, Abscissin နဲ့ Ethylene စသည်တို့ ရောထွေးသွားတတ်တယ်။ သိပ္ပံအမည်များကို Grade 11 Biology စာအုပ်ထဲမှာ Itallic (စာလုံးစောင်း) နဲ့ ရေးပေးထားတယ်။ အဲဒီစာလုံးတွေကို ဖြေတဲ့အခါ Underline လုပ်ပေးဖို့ လိုပါတယ်။

ဥပမာ - Utricularia, Urena

အခု ဆွေးနွေးထားတာတွေကို သတိထားကြည့်ရင် ကျောင်းသူ၊ ကျောင်းသားတိုင်းဟာ Biology ဖြေဆိုကြတဲ့အခါ မိမိတို့ မျှော်မှန်းထားတဲ့အတိုင်း ဂုဏ်ထူးအမှတ်များများရပြီး အောင်မြင်သွားကြလိမ့်မယ်လို့ ပြောကြားရင်း ဒီကနေ့ပို့ချတဲ့ Biologyသင်ခန်းစာ သိကောင်းစရာ ဟောပြောချက်ကို ဒီမှာပဲ ရပ်နားလိုက်ပါတယ်။ ။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် အ/၇၈၈၉ Toyota Publica R/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းပပမြင့် ၁၃/လရန(နိုင်) ၀၂၁၉၉၃က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊
ရန်ကုန်အနောက်ပိုင်း၊ ရန်ကုန်မြို့။

စဥ့်ကိုင်မြို့နယ်၊ ကြက်မှျား-အလက
(၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
ဖိတ်ကြားလွှာ

ကျောက်ဆည်ခရိုင်၊ စဥ့်ကိုင်မြို့နယ်၊ ကြက်မှျားအလကတွင် တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အောက်ပါအတိုင်း ကျင်းပမည်-

ကျင်းပမည့်ရက် - ၂၃-၁-၂၀၁၁ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နံနက် ၁၀ နာရီ
ကျင်းပမည့်နေရာ - **ကံ့ကော်ခန်းမ၊ အလက ကြက်မှျား။**

အလှူငွေနှင့် လှူဖွယ်ပစ္စည်းများကို ဦးမောင်မြင့် ဖုန်း-၀၆၆-၄၀၀၅၂၊ ဒေါက်တာပြေသိန်း ဖုန်း-၀၂-၉၁၀၃၂၀၈၀၊ ဦးမောင်မောင်သန်း ဖုန်း-၀၉-၆၈၀၀၃၉၀၊ ဒေါ်အေးအေးသင်း ဖုန်း-၀၂-၉၁၀၃၂၁၇၆၊ ဦးမောင်မောင်လေး ဖုန်း-၀၆၆-၄၀၀၈၈၊ ဒေါက်တာအေးသီရိဝေ ဖုန်း-၀၆၇-၄၀၄၄၅၄ တို့သို့ ဆက်သွယ်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

ကျင်းပရေးကော်မတီ။

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်းထုချေစေရန်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
မန္တလေးတိုင်းဒေသကြီးတရားရုံး
၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၂၂၅နှင့်ဆက်သွယ်သည့်
၂၀၁၀ခုနှစ် တရားမဇာရီမှုအမှတ်-၂၅၈

ဒေါ်ခင်မာကြည် နှင့် ၁။ ဦးမြင့်စိန်
၂။ ဒေါ်သန်းသန်းဌေး

တရားနိုင် **တရားရှုံးများ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အကြော်တန်း၊ အကွက် ၅၀၀နေ ဦးမြင့်စိန် (ဓာတ်ပုံလုပ်ငန်း) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၀၉ခုနှစ် တရားမကြီးမှုအမှတ်-၂၂၅တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၁ခုနှစ် ဖေဖော်ဝါရီ ၇ရက်(၁၃၇၂ခုနှစ် တပို့တွဲလဆန်း ၄ ရက်)မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပြုံးပြုံးအေး
တွဲဖက်တိုင်းတရားသူကြီး(၃)
မန္တလေးတိုင်းဒေသကြီးတရားရုံး။

အမည်ပြောင်း

မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ရှားပင်ရွာနေ ဦးအောင်မြ ၉/ကပတ(နိုင်)၀၀၀၀၃၆၏သား မောင်အောင်မင်းထွန်း အထက-ဗွေးချို နဝမတန်း(C) အား မောင်အောင်မြတ်မင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်အောင်မြတ်မင်း။**

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ပခ/၅၀၀၇၉ ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်မြင့် ၇/ရတရ(နိုင်) ၀၈၁၃၁၆က (ကမ-၃) ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ တောင်ငူ။

မြန်မာပြည် ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး(BBMA)
အမှတ်၁၈၉၊အနော်ရထာလမ်း၊လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။
(၈၈)ကြိမ်မြောက် ပိဋကတ်တော်အလှူပွဲကြီး

သာသနာရေးဝန်ကြီးဌာနမှ မြန်မာသက္ကရာဇ် ၁၃၇၂ခုနှစ် (ခရစ်နှစ်၂၀၁၀ခုနှစ်)တွင် ကြီးမှူးကျင်းပပြီးခဲ့သော တိပိဋကဓရစာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ နိကာယ် စာမေးပွဲ၊ ပထမပြန်စာမေးပွဲများ၌ မြန်မာတစ်နိုင်ငံလုံး ထူးချွန်စွာအောင်မြင်ခဲ့သော သံဃာတော်အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီးများကို (BBMA)အသင်းကြီးမှကြီးမှူး၍ ရေးအစဉ်အလာမပျက်ချီးကျူးပူဇော်ပွဲ ကျင်းပမည်ဖြစ်ပါသောကြောင့် အလှူရှင်များသည် ၆-၃-၂၀၁၁ရက်နောက်ဆုံးထား၍ လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

(၈၈)ကြိမ်မြောက်
ပိဋကတ်တော်ပူဇော်ပွဲကျင်းပရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၇၊ မြေကွက်အမှတ် ၈၁၇/က၊ မြေကွက်တည်နေရာအမှတ် ၈၁၇/က သီရိဇေယျာလမ်း၊(၇)ရပ်ကွက်၊ တောင်ဥက္ကလာ ဦးလှဖေ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှဖေ၊ ဇနီးဒေါ်တင်အောင် ကွယ်လွန်သဖြင့် ဦးအောင်မင်း ၁၂/ဥကတ(နိုင်) ၀၁၉၈၉၅က တစ်ဦးတည်းသောသားတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၈၈၅/ခ၊ မြေကွက်တည်နေရာအမှတ် (၈၈၅/ခ)၊ ဖြူမှုစိုရ်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပ ဒေါ်ကျင်နှစ် ၁၂/ဥကတ(နိုင်)၀၅၀၂၂၆ အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်ကျင်နှစ်နှင့် (ခင်ပွန်း)ဦးမြသန်း၊ သားဦးညွန့်ရှိန် (လူပျိုကြီး)တို့ ကွယ်လွန်သဖြင့် (၁)ဦးစိုးသိန်း ၁၂/ဥကတ(နိုင်) ၀၅၀၁၇၅၊ (၂)ဦးကံရှိန် ၁၂/ဥကတ(နိုင်)၀၅၀၁၇၆၊ (၃)ဒေါ်အေးအေးရှိန် ၁၂/ဥကတ(နိုင်) ၁၄၅၁၆၈တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၄၀၊ မြေကွက်တည်နေရာအမှတ် ၄၀၊ သုမနလမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတ ဒေါ်ကြည်အမည်ပေါက်နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်ကြည်နှင့် ခင်ပွန်း ဦးမောင်စိန်(ခ)ဦးအမောင်တို့ ကွယ်လွန်သဖြင့် (၁)ဒေါ်အမာ ၁၂/သကတ(နိုင်) ၁၄၄၀၁၇၊ (၂)ဒေါ်အန်းကူ ၁၂/ကတတ(နိုင်)၀၀၇၀၁၉၊ (၃)ဦးအောင်သိန်း ၁၂/သကတ(နိုင်)၁၁၉၉၅၇၊ (၄)ဒေါ်ထွေး ၁၂/သကတ(နိုင်)၀၄၂၂၅၈တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏရပ်ကွက် ဂရန်ပေးရေးစီမံချက်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီ)၊ မြေကွက်အမှတ်(၁/၇)၊ အမှတ်(၁/၇)၊ မဋ္ဌူလမ်းရှိ တည်နေရာမြေကွက်ကို ငယ်စာရင်းအမည်ပေါက် ပါရှိသူ ဦးခင်မောင်ဆန်းထံမှ ၁၃-၁-၂၀၀၈ ရက်စွဲပါ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးကိုကိုအောင် ၉/ဖမန(နိုင်) ၁၀၇၂၀၅က ဂရန်လျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး
၂၀၁၀ခုနှစ် တရားမကြီးမှုအမှတ်-၁၂၉၄

ဒေါ်ခင်အေး နှင့် ဒေါ်စီစီသိန်း
အမှတ် ၇၉၊ မြေညီထပ်၊ အမှတ် ၂၄ (ခုနစ်လွှာ)၊
ဌာနာလမ်း၊ အလုံမြို့နယ်။ ခြေရင်းခန်း၊ ညောင်တုန်းလမ်း၊
ကျွန်းတောတောင်ရပ်ကွက်၊
စမ်းချောင်းမြို့နယ်။

တရားလို **တရားပြိုင်**

တရားပြိုင် ဒေါ်စီစီသိန်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ် တရားလိုက ရောင်းချထားသော တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရောက်ရလိုမှု(သို့မဟုတ်)တိုက်ခန်းအရောင်းအဝယ် တန်ဖိုးငွေကျပ်သိန်း ၁၀၀၊ နစ်နာကြေး၊ လျော်ကြေး ကျပ်သိန်း၂၀၀ စုစုပေါင်းငွေကျပ်သိန်း ၃၀၀ ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၇ရက် (၁၃၇၂ခုနှစ် တပို့တွဲလဆန်း ၄ရက်) မွန်းမတည့်မီ ၉:၃၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်ရမည်။

၂၀၁၁ခုနှစ် ဇန်နဝါရီ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

လှလှရီ
တွဲဖက်တိုင်းတရားသူကြီး(၄)
ရန်ကုန်တိုင်းဒေသကြီးတရားရုံး။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှု ကမ္ဘာတစ်ဝန်း ထိခိုက်နိုင်ဟု ပညာရှင်များ သုံးသပ်ထား

မောင်မောင်မြင့်ဆွေ
ရေးသားသည်

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကြောင့် လာမယ့်နှစ်မှာ ကမ္ဘာ့ပြည်သူတွေ သန်းချီသေဆုံးရဖွယ် ရှိနိုင်တဲ့အပြင် တိရစ္ဆာန်နဲ့ သတ္တဝါတွေလည်း အများအပြား သေကျေပျက်စီးကြမယ်လို့ သိပ္ပံပညာရှင်တွေရဲ့ သုတေသနပြုချက်တွေမှာ ဖော်ပြထားပါတယ်။

ထိခိုက်လာ

အခုဆယ်စုနှစ်ကုန်မှာ ကမ္ဘာ့အပူချိန်ဟာ ၂ ဒသမ ၄ ဒီဂရီစင်တီဂရိတ် တိုးမြင့်လာမယ်လို့ ခန့်မှန်းရတာမို့ တစ်ကမ္ဘာလုံးမှာ စားနပ်ရိက္ခာ ထုတ်လုပ်မှုနဲ့ ကောက်ပဲသီးနှံစိုက်ပျိုးမှုတွေကို ထိခိုက်လာမှာဖြစ်တယ်လို့ ရာသီဥတုဆိုင်ရာ သုတေသနပညာရှင် အိုစဗာဒိုကင်ဖိုင်ရာနီရဲ့ သုတေသနပြုချက်မှာ ဖော်ပြထားပါတယ်။

ထူးထူးခြားခြားမြင့်တက်

နောက်ပြီး ၂၀၁၀ ခုနှစ်အတွင်း ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကြောင့် ကမ္ဘာ့အပူချိန်ဟာ ထူးထူးခြားခြား မြင့်တက်ခဲ့တာမို့ လာမယ့် ၂၀၁၂ခုနှစ် ရောက်ရင် ကမ္ဘာတစ်ဝန်းမှာ အယ်နီညို ရာသီဥတု ဖြစ်ပေါ်လာနိုင်တယ်လို့လည်း ရာသီဥတုဆိုင်ရာသုတေသန ပညာရှင်တွေရဲ့ သုံးသပ်မှုအစီရင်ခံစာတွေမှာ ဖော်ပြထားပါတယ်။

ဆိုးဆိုးရွားရွား

ရာသီဥတုဖြစ်စဉ်အရ အဲဒီလို ကမ္ဘာ့အပူချိန် သိသိသာသာ မြင့်တက်ခဲ့တဲ့နှစ်ရဲ့ တစ်နှစ်ကျော်ကာလတွေမှာ အယ်နီညိုဖြစ်ပွားခဲ့တာ တွေ့ရပါတယ်။ အယ်နီညိုဆိုတာ ကမ္ဘာ့အပူချိန် မြင့်တက်

စာမျက်နှာ ၅ ကော်လံ ၁ ✻

ကမ္ဘာ့ရာသီဥတု ပြောင်းလဲဖောက်ပြန်မှုကြောင့် ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ မိုးသည်းထန်စွာရွာသွန်းပြီး ဤသို့ ရေလွှမ်းမှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့သည်။

၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂၀

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၉ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် ညနေ ၆ နာရီတွင် နေပြည်တော်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနား ကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြား၊ နေပြည်တော် မြန်မာ့အသံနှင့် Myanmar International တို့က ယင်းနေ့ညနေ ၅ နာရီမှ စတင်ပြီး တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်မှ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများ ထုတ်ပြန်ကြေညာ

ပြည်ထောင်စုမြန်မာနိုင်ငံတော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြေညာချက်အမှတ် (၁/၂၀၁၁)ဖြင့် တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်း၊ ကြေညာချက်အမှတ် (၂/၂၀၁၁)ဖြင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းနှင့် ကြေညာချက်အမှတ် (၃/၂၀၁၁) ဖြင့် တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် အမည်စာရင်းများကို ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ အမည်စာရင်းအပြည့်အစုံကို စာမျက်နှာ (၇၊ ၈၊ ၉ နှင့် ၁၀)တို့တွင် ဖော်ပြထားပါသည်။